ပြောင်းရွှေ့
အကွက် ၉၄

ကန့်သတ်

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
ဗဟိုကော်မတီဌာနချုပ်
(သုတေသနဌာနခွဲ)

# ရိုဟင်ဂျာပြဿနာ နှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ဒုက္ခသည်များပြဿနာ အပေါ်လေ့လာချက်စာတမ်း

ရက်စွဲ၊ ၁၉၉၂ ခုနှစ် ဇွန်လ (၇) ရက်

ကန့်သတ်

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
ဗဟို ကော်မတီ ဌာနချုပ်
(သုတေသနဌာနခွဲ)

# "ရိုဟင်ဂျာပြဿနာနှင့်မြန်မာ-ဘင်္ဂလား ဒေသရှိနယ်စပ်ဒုက္ခသည်များ ပြဿနာအပေါ်လေ့လာချက်စာတမ်း"

## မာတိကာ

### အပိုင်း (၁)


| ရိုဟင်ဂျာပြဿနာ | စာမျက်နှာ |
|---|---|
| ၁။ ရိုဟင်ဂျာဟူသည့် ဝေါဟာရပြဿနာ | ၂ |
| ၂။ ရိုဟင်ဂျာတို့၏သမိုင်းအချက်အလက်ဆိုင်ရာပြဿနာ | ၆ |
| ၃။ ရိုဟင်ဂျာများအပေါ်မတူညီသော သဘောထား (၃) ရပ် | ၁၉ |
| (က) ရိုဟင်ဂျာများသည်တိုင်းရင်းသားလူမျိုးနွယ်စု မဟုတ်ဟု သဘောထား | ၁၉ |
| (ခ) ရိုဟင်ဂျာများသည်ရခိုင်ပြည်သားအစစ်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးနွယ်စုဖြစ်သည်ဟုသဘောထား | ၂၁ |
| (ဂ) ရိုဟင်ဂျာများသည်သီးခြားလူမျိုးဖြစ်သည်ဟုသဘောထား | ၂၁ |
| ၄။ ရိုဟင်ဂျာလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ | ၂၃ |
| ၅။ ရိုဟင်ဂျာများသည်မြန်မာနိုင်ငံသားလူမျိုးနွယ်စုဟုတ် / မဟုတ် | ၂၆ |


### အပိုင်း (၂)


| မြန်မာ-ဘင်္ဂလားဒေသရှိနယ်စပ်ဒုက္ခသည်များပြဿနာ | ၂၉ |
|---|---|
| ၆။ ဒုက္ခသည်များအခြေအနေ | ၃၃ |
| ၇။ နိုင်ငံတကာ၏ဖိအားပေးမှုများ | ၃၄ |
| ၈။ နှစ်နိုင်ငံ တွေ့ဆုံညှိနှိုင်းမှုများ | ၄၀ |
| ၉။ နှစ်နိုင်ငံသဘောတူညီချက်အပြီးလက်တလောပြဿနာများ | ၄၁ |
| ၁၀။ ပြေလည်မှုမရသေးသောဒုက္ခသည်များ၏အနာဂတ်ခရီး | ၄၄ |

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး

ဗဟိုကော်မတီဌာနချုပ်

(သုတေသနဌာနခွဲ)

## "ရိုဟင်ဂျာပြဿနာနှင့်မြန်မာဘင်္ဂလားဒေ့ရှ်နယ်စပ်ဒုက္ခသည်များ ပြဿနာအပေါ်လေ့လာချက်စာတမ်း"

### နိဒါန်း

ယနေ့ကာလတွင်မြန်မာပြည်နိုင်ငံရေးစာမျက်နှာနှင့်နိုင်ငံတကာအဆိုင်းအဝိုင်းကြားတွင် နဝတစစ်အစိုးရ၏လူ့အခွင့်အရေးချိုးဖေါက်မှု၊ မတရားဖိနှိပ်မှုများကြောင့်ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မောင်းတောဒေသမှ မူဆလင်ဒုက္ခသည်များ ကိစ္စနှင့်စပ်လျဉ်း၍ အသံကျယ်ကျယ်လောင်လောင်ထွက်ပေါ်နေသည်။ ထိုသူများကိုနိုင်ငံတကာအဆိုင်းအဝိုင်းက ရိုဟင်ဂျာဒုက္ခသည်များ၊ ရိုဟင်ဂျာမူဆလင်ဒုက္ခသည်များစသည်ဖြင့် အသိများကြသော်လည်း နဝတစစ်အစိုးရကမူ ၎င်းတို့ကိုကုလားလူမျိုး၊ ဘင်္ဂါလီလူမျိုး၊ ဘင်္ဂါလီကုလားလူမျိုးဟူ၍ ကင်ပွန်းတပ်ခေါ်ဝေါ်သည်။ စင်စစ်အားဖြင့်ယင်းဒုက္ခသည်များအား "ရိုဟင်ဂျာလူမျိုး" ဟူ၍ အမည်နာမတပ်ပြီးခေါ်ဝေါ်သုံးစွဲမှုပြုခြင်း၊ မပြုခြင်းသည်ပင် လျှင် ၎င်းတို့တင်ပြသောရိုဟင်ဂျာ၏မူလဇစ်မြစ်နှင့်သမိုင်းကြောင်းဆိုင်ရာကိစ္စရပ်များအားအလေးအနက်ထားမှု၊ မထားမှုကိုပြသရာရောက်နေမည်ဟုဆိုချင်ပါသည်။

ထို့ကြောင့်နိုင်ငံတကာတွင်အုတ်အော်သောင်းတင်းဖြစ်နေသော၊ တနည်းဆိုရလျှင် မြန်မာပြည်နိုင်ငံရေး၌အမျိုးသားရေးပြဿနာအသစ်တစ်ရပ်ဖြစ်လာနေသော မူဆလင်ဒုက္ခသည်များဟုခေါ်ခေါ်၊ ရိုဟင်ဂျာဒုက္ခသည်များဟုခေါ်ခေါ်၊ ဘင်္ဂါလီကုလားဒုက္ခသည်များဟုခေါ်ခေါ်၊ ထိုသူများ၏မူလဇစ်မြစ်နှင့်နောက်ခံသမိုင်းကြောင်း၊ ၎င်းတို့၏အသံ၊ ပြည်သူလူထု၏အသံ၊ နဝတစစ်အစိုးရ၏အသံ၊ နိုင်ငံတကာအဆိုင်းအဝိုင်း၏အမြင်များကိုစုစည်းပြီး စာတမ်းတစ်စောင်ပြုစုပေးရန် ဗဟိုဦးဆောင်ကော်မတီမှ သုတေသနဌာနခွဲအား တာဝန်ပေးအပ်ခဲ့ပါသည်။ ဤတွင်ကနဦးရင်ဆိုင်ရသည့်အခက်အခဲတစ်ခုမှာ ထိုသူများကိုခေါ်ဝေါ်သုံးစွဲမည့်အမည်နာမရွေးချယ်မှုပြဿနာပင်ဖြစ်ပါသည်။

ဘင်္ဂါလီ၊ ဘင်္ဂါလီကုလား၊ ဘင်္ဂါလီမွတ်ဆလင်၊ ရိုဟင်ဂျာ၊ ရိုဟင်ဂျာမူဆလင်စသည်ဖြင့်အမည်နာမအမျိုးမျိုးအနက် မည်သည့်အမည်တစ်ခုခုကိုသုံးစွဲသည်ဖြစ်စေ ရည်ညွှန်းခြင်းခံရမှုမှာ တစ်မျိုးတည်းသာဖြစ်ပါမည်။ ထို့ကြောင့်အများကယဉ်ပါးပြီးဖြစ်သည့် ရိုဟင်ဂျာဟူသောဝေါဟာရသုံးစွဲလျှင် ရိုဟင်ဂျာလူမျိုးစုတစ်ခုဖြစ်ကြောင်းထောက်ခံချက်စာတမ်းတစ်စောင်အဖြစ်သို့ရောက်သွားမည်ကိုစိုးရိမ်မိသလို၊ လူသိနည်းသည့်အခြားအမည်တစ်ခုခုကိုသုံးစွဲခြင်းကြောင့် ဤစာတမ်းပါတင်ပြချက်များလေးနက်မှုလျော့ပါးသွားမည်ကိုလည်း

များစွာ ချင့်ချိန်နေရပါသည်။ သို့သော်လည်း နောက်ဆုံးအခြေအနေတွင် ဤစာတမ်းပါ " ရိုဟင်ဂျာဟူသည့်ဝေါဟာရပြဿနာ " ခေါင်းစဉ်ငယ်ပါ အထောက်အထားများကြောင့် ရိုဟင်ဂျာဟူသည့်ဝေါဟာရကိုသုံးစွဲရန်ဆုံးဖြတ်ခဲ့ရပါသည်။

ထို့ကြောင့် ဤစာတမ်း၌ ရိုဟင်ဂျာဟူသည့်ဝေါဟာရအားရွေးချယ်သုံးစွဲထားသဖြင့် စာတမ်းပါအချက်အလက်များမှာ ရိုဟင်ဂျာများသည်တိုင်းရင်းသားလူမျိုးစုတစ်စုဖြစ်ကြောင်းအတည်ပြုချက်ပေးခြင်းသဘောမဟုတ်သည်ကိုနားလည်မှုပေးရန်လိုအပ်သကဲ့သို့ တဖက်ကလည်း ရိုဟင်ဂျာများသည်လူမျိုးခြားများဖြစ်ကြောင်းကန့်ကွက်ရေးသားခြင်းမဟုတ်သည်ကိုသတိချပ်စေလိုပါသည်။ ဤစာတမ်းမှာ " ရိုဟင်ဂျာပြဿနာနှင့်မြန်မာ့ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒုက္ခသည်များပြဿနာအပေါ်လေ့လာချက်စာတမ်း " ဖြစ်သည်နှင့်အညီဆက်စပ်မှုရှိနေသောပြဿနာနှစ်ရပ်အနက် ရိုဟင်ဂျာပြဿနာကိုဦးစွာတင်ပြထားပြီးမှ၎င်းနှင့်ဆက်စပ်နေသောမြန်မာ့ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒုက္ခသည်များပြဿနာကိုဆက်လက်တင်ပြထားပါသည်။ သို့မှသာယင်းပြဿနာများအားတစ်ကန့်စီအဆက်အစပ်ရှိစွာဖြင့်လေ့လာနိုင်မည်ဖြစ်ပါသည်။

## အပိုင်း(၃)

## " ရိုဟင်ဂျာပြဿနာ "

### ၁။ ရိုဟင်ဂျာဟူသည့်ဝေါဟာရပြဿနာ

မဆလခေတ်အတွင်းမွေးဖွားလာခဲ့သောသူများအဖို့ ၁၉၇၀ ခုနှစ်လယ်နှင့် ၁၉၈၂ ခုအစပိုင်းကာလနောက်မှ နိုင်ငံတကာစာနယ်ဇင်း၊ အသံလွှင့်ချက်တို့၏ထုတ်ဖော်တင်ပြချက်များကြောင့်သာ "မြန်မာ့စစ်အစိုးရ၏ မတရားဖိနှိပ်မှုကြောင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့အစုလိုက်အပြုံလိုက်ထွက်ပြေးသွားကြသော ရိုဟင်ဂျာမူဆလင်ဒုက္ခသည်များ" ဟူသည့်အသံကိုကျယ်လောင်စွာကြားခဲ့ရသည်။ ရိုဟင်ဂျာဟူသည့်ဝေါဟာရကိုအဖန်တလဲလဲဖတ်ရှုခဲ့ရသည်။ ဤအခြေအနေရောက်မှ ရိုဟင်ဂျာဆိုတာဘာလဲ ၊ ရိုဟင်ဂျာဆိုတာဘယ်ကလဲဟူသည်ကိုစူးစမ်းလာခဲ့သည်။ မေးမြန်းစုံစမ်းလာခဲ့ကြသည်။ ဖွေရှာလေ့လာခဲ့ကြရသည်။ ခေါ်ဝေါ်မှုပုံစံတလည်းအမျိုးမျိုးအဖုံဖုံဖြစ်နေသည်။ မြန်မာပြည်တွင်း၌လည်း ရခိုင်ကုလား၊ ရခိုင်ဘင်္ဂါလီ၊ ခေါ်ဆာကုလား၊ ဘင်္ဂါလီ၊ ဘင်္ဂါလီကုလား၊ စစ်တကောင်းသားလူမျိုး၊ ရိုဟင်ဂျာ၊ ရိုဟင်ဂျာမူဆလင်စသည်ဖြင့်အမည်နာမမျိုးစုံတပ်၍ခေါ်ဝေါ်နေကြ၏။ နဝတစစ်အစိုးရကမူ (၂၀-၂-၉၂) ရက်နေ့စွဲဖြင့် " သတင်းကြောင်းအရလည်း ရိုဟင်ဂျာလူမျိုးဟူ၍မရှိပါ။ ရိုဟင်ဂျာဆိုသည့်အခေါ်အဝေါ်မှာ ရခိုင်ပြည်နယ်ရှိသောင်းကျန်းသူအဖွဲ့အချို့က တီထွင်နာမည်ပေးခဲ့ခြင်းဖြစ်ပါသည် " ဟူ၍ နိုင်ငံတကာသို့အသိအလင်း

ကြေညာခဲ့ပြီး ဘင်္ဂါလီကုလားဟူ၍ ကင်ပွန်းတပ်ခေါ်ဝေါ်သုံးစွဲ၏။

မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် ရခိုင်၊ မွန်နှင့် ချင်းပြည်နယ်တောင်းဆိုမှုပေါ်ပေါက်ခဲ့ရာတွင် ထိုစဉ်ကတာဝန်ယူရသည့်အစိုးရက "ဒေသအလိုက်ကိုယ်ပိုင်အုပ်ချုပ်မှုစုံစမ်းရေးကော်မရှင်" များကိုဖွဲ့စည်းပြီးလေ့လာစုံစမ်းစေခဲ့သည်။ ရခိုင်ပြည်နယ်အတွက် ဝန်ကြီးဦးညိုထွန်းခေါင်းဆောင်သောကော်မရှင်ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ၎င်းကော်မရှင်သည် ၁၉၆၀ပြည့် မေလ (၆) ရက်နေ့မှစ၍ ရန်ကုန်မြို့၌နေထိုင်ကြသော ရခိုင်အမျိုးသားခေါင်းဆောင်ကြီးများ၊ ကုန်သည်များ၊ နိုင်ငံရေးသမားများ၊ သက်ဆိုင်ရာအသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ကျောင်းသားများပါမကျန် ဖိတ်ကြား၍တိုင်ပင်နှီးနှောသည့် အကြံဉာဏ်သဘောထားများ ရယူခဲ့သည်။

၎င်းအခြေအနေများကို နဝတစစ်အစိုးရမှ ဖွဲ့စည်းပေးသော "မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့" မှရေးသားသည့် ၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး (တတိယတွဲ) တွင်ရေးသားဖော်ပြထားရာမှ ကောက်နုတ်ချက်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

"ရန်ကုန်တက္ကသိုလ်၊ ရိုဟင်ဂျာအသင်းမှကိုယ်စားလှယ်ကိုဘထွန်းနှင့် ရှာအလာဝ် တို့ကိုအကြံပေးအဖွဲ့ကမေးမြန်းရာတွင် ၎င်းတို့က ရခိုင်လူမျိုးနှင့် ဗမာလူမျိုးတို့မှာ ဘာသာစာပေ၊ ဝတ်ပုံစားပုံယဉ်ကျေးမှုအစစအရာရာတွင်တူညီနေသည်က တစ်ကြောင်း၊ ရခိုင်တိုင်း၏ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးစသည်တို့မှာ အထူးပင်နောက်ကျနေသည်ကတစ်ကြောင်းကြောင့် ပြည်နယ်ပေးလျှင်အုပ်ချုပ်နိုင်မည်မဟုတ်ကြောင်း၊ ရခိုင်အမျိုးသားနှင့် ရိုဟင်ဂျာအမျိုးသားတို့မသင့်မတင့်ဖြစ်မည်ကိုစိုးရိမ်ပါကြောင်းတင်ပြကြသည်" ၁

"အကြံပေးအဖွဲ့အစီရင်ခံစာမှာပင် မေယုခရိုင်၌နေထိုင်ကြသော ရိုဟင်ဂျာလူမျိုးတို့ကလည်း ပြည်နယ်မလိုလားဟု ၎င်းတို့၏ခေါင်းဆောင်များက အကြံပေးအဖွဲ့အား တင်ပြခဲ့ကြောင်း၊ ပြည်နယ်ပေးလျှင် ၎င်းတို့ကိုပြည်မနှင့်ခွဲ၍ ချန်လှပ်ထားရန်တောင်းပန်ကြောင်း ...." ၂

---

၁။ ၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး (တတိယတွဲ)၊ ဦးကျော်ဝင်း၊ ဦးမြတန်နှင့် ဦးသိန်းလှိုင်တို့က ပြုစု၍ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့မှ စီစစ်သည်။ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်။ ၁၉၉၁၊ ဇွန်လ။ စ ၁၂၁၉။ နောင်ကိုးကားလျှင် ၅၈-၆၂ မြန်မာ့နိုင်ငံရေး (တ-တွဲ) ဟုသုံးမည်။

၂။ ၅၈-၆၂ မြန်မာနိုင်ငံရေး (တ-တွဲ) စ ၁-၂၃၀

ထို့ကြောင့် ရိုဟင်ဂျာဟူသည့်အမည်မှာ ရခိုင်ပြည်နယ်၌ သောင်းကျန်းသူအဖွဲ့အချို့က တီထွင်အမည် ပေးခဲ့ခြင်းသာဖြစ် ကြောင်း နဝတစစ်အစိုးရက နိုင်ငံတကာသို့ထုတ် ဖော် ကြေညာနေ သော်လည်း နဝတမှထုတ် ဝေသည့် ပူပူနွေးနွေးသမိုင်းစာအုပ်ထဲတွင်ပင် ရိုဟင်ဂျာဟု သောအသုံးအနှုန်း ရှိခဲ့သည့်မှတ်ကြောင်းကိုးကားချက်များကို ရေးသား ဖော်ပြထား ပြန်ရာ ``ငရွှေကဖိုး ၊ နောက်က ပေါ်'' ဟူသည့်စကားပုံနှယ်ဖြစ် နေ ကြောင်း တွေ့မြင် ရ ပေမည်။

တဖန် ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက် နေ့၊ ညနေ (၈) နာရီတွင် ရန်ကုန် ရေဒီယိုမှမြန်မာနိုင်ငံဝန်ကြီး ချုပ်ဦးနု၏မိန့်ခွန်း၌ ``ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အနောက် တောင်ဘက်တွင်တည်ရှိသည်။ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင် တွင်ဘူးသီး တောင်နှင့် မောင်း တောမြို့နယ်များပါဝင်သည်။ အဆိုပါမြို့နယ်နှစ်ခုသည် အရှေ့ပါကစ္စတန်နှင့်နယ်နိမိတ် ချင်းထိစပ် နေသည်။ အဆိုပါမြို့နယ်နှစ်ခုတွင် နေထိုင်သူ အများစုမှာအစ္စလာမ်ဘာသာကိုးကွယ် သောရိုဟင်ဂျာလူမျိုးများဖြစ်သည် ''[၃] ဟူ၍ ထည့်သွင်း ပြောကြားသွား ခဲ့သည်။

၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက် နေ့နှင့် (၄) ရက် နေ့များတွင်ဝန်ကြီး ချုပ်နှင့်ကာကွယ် ရေးဝန်ကြီး ဦးဘ ဆွေကလည်း ဘူးသီး တောင်နှင့် မောင်း တောမြို့ နယ်လူထုအစည်းအဝေး၌ ``ရိုဟင်ဂျာများသည်အခြားလူနည်းစု၊ လူမျိုးစုများဖြစ် သောရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်နှင့်ရခိုင်ကဲ့သို့အရာရာတိုင်းတွင် အညီအမျှဖြစ်သည်။ သမိုင်းအ ထောက်အထားများအရ ရိုဟင်ဂျာများသည်မြန်မာ နိုင်ငံအတွင်း နှစ် ပေါင်းများစွာကတည်းက နေထိုင်လာခဲ့သည်။ သူတို့သည်အစ္စလာမ် ဘာသာကိုကိုးကွယ်သူများဖြစ်ကြ သော်လည်းပြည် ထောင်စုအတွင်းအခြားလူမျိုးများနှင့် ချစ်ကြည်ရင်းနှီးစွာ၊ သစ္စာရှိစွာ နေထိုင်ခဲ့ကြ ကြောင်းသမိုင်းဆိုင်ရာအ ထောက်အ ထားများရှိသည် ''[၄] ဟူ၍ ပြောကြားခဲ့ ကြောင်းဆိုသည်။

၁၉၆၀ ခုနှစ်၊ ဇူလိုင်လ (၄) ရက် နေ့တွင်မြန်မာအစိုးရက ရိုဟင်ဂျာများ ဖွံ့ဖြိုးတိုးတက်မှုကိုအ ထောက်အကူဖြစ် စေရန် မေယု ဒေသကိုသတ်မှတ် ပေးခဲ့သည်။ (၄င်းဒေသကို နေဝင်းက ၁-၂-၆၄ ရက် နေ့တွင်ပြန်လည်ဖျက်သိမ်းခဲ့သည်) ၁၉၆၀ ခုနှစ် စက်တင်ဘာလ (၂၅) ရက် နေ့တွင်နိုင်ငံ တော်ဝန်ကြီးချုပ်ဦးနုက ရန်ကုန် ရေဒီယိုမှ

---

၃။ ဘင်္ဂလား ဒေ့ရှ်နိုင်ငံ၊ နိုင်ငံခြား ရေးဝန်ကြီးဌာန၏ (၁၂-၃-၉၂) ရက်စွဲဖြင့်သတင်းထုတ်ပြန်ကြေညာချက်၊ စာ ၃။ နောင်ကိုးကားလျှင်ဘင်္ဂလား ဒေ့ရှ်နိုင်ငံခြား ရေးဌာနထုတ်ပြန် ချက်ဟုသုံးမည်။

၄။ ယင်း

## ကန့်သတ်

၅

``<u>ရခိုင်ရိုဟင်ဂျာများသည်မြန်မာလူမျိုးစုတစ်စုဖြစ်သည်</u>'' ဟုပြောကြားခဲ့သည်။ထို့ပြင်မြန်မာအသံမှလည်း ရိုဟင်ဂျာဘာသာအစီအစဉ်ကို ၁၉၆၁ ခုနှစ်၊ မေလ (၁၅) ရက်နေ့မှ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့၊ နေဝင်းမရပ်ဆိုင်းပစ်မီ ကာလအထိတစ်ပတ်လျှင်နှစ်ကြိမ်အသံလွှင့်ပေးခဲ့သည်။[၅] ထို့ဖြစ်၍ ရိုဟင်ဂျာများသည်လူမျိုးစုတစ်စုဖြစ်မဖြစ်ကိုအဝေးထား၊ ရိုဟင်ဂျာဟူသည့်အသုံးအနှုန်းကိုမြန်မာပြည်လွတ်လပ်ရေးရပြီးအစိုးရအဆက်ဆက်ကလက်ခံသုံးစွဲခဲ့သည်မှာအငြင်းပွါးနိုင်ဖွယ်ရာမရှိချေ။ သို့ရာတွင်ယနေ့ကာလကျမှ နဝတစစ်အစိုးရက၎င်းတို့ကိုကုလားလူမျိုး၊ဘင်္ဂါလီကုလားလူမျိုးစသည်ဖြင့်အမျိုးမျိုးကင်ပွန်းတပ်ခေါ်ဝေါ်နေခြင်းမှာများစွာဝဉ်စားဖွယ်ရာပင်ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်အစိုးရများက ``ရိုဟင်ဂျာ'' ဟူသည့်အမည်ကိုသုံးစွဲခဲ့ကြောင်းပိုမိုထင်ရှားစေသည့်အချက်တစ်ခုမှာ ယင်းကာလများကစစ်တပ်တွင်တာဝန်ထမ်းဆောင်ခဲ့သူအငြိမ်းစားဗိုလ်မှူးချုပ်အောင်ကြီး၏ UNDP [၆] သတင်းလွှာ၌ရေးသားဖော်ပြချက်ပင်ဖြစ်သည်။

> ``၁၉၄၈ ခုအောက်တိုဘာလလောက်တွင်ရခိုင်ပြည်၌ လဖိုးအရံစစ်ရဲတပ်များကိုစစ်ဝန်ထမ်း (BTF) များအဖြစ်တပ်မတော်အရံတပ်အဆင့်သို့အသွင်ပြောင်းကာတပ်မတော်မှဗိုလ်မှူးသာကျော် (လင်းဝဉ်ပါတီဝန်ကြီးဟောင်း ယခု တစည ဥက္ကဋ္ဌ) ကိုစစ်တွေ၊ စစ်ဝန်ထမ်းတပ်မှူးခန့်ပြီးဘူးသီးတောင်၊ မောင်းတော၊ ရသေ့တောင်များတွင်အင်ပြည့်အားပြည့်တပ်စွဲတပ်ခွဲ၍မြို့စောင့်ချစေပြီးနိုင်ငံရေးနည်းလမ်းဖြင့်တဖြည်းဖြည်းမှုဂျာဟစ်သူပုန်များကိုလက်နက်ချစေခဲ့ပါသည်။ ××× ××× ''

နောက်ပိုင်းတွင်ဗိုလ်မှူးသာကျော်နှင့်တိုင်ပင်ပြီးဘူးသီးတောင်၊ မောင်းတောတွင်ယခင်စစ်ကြီးခေတ်ကပျက်သွားသောရွာ (၅၇) ရွာကိုပြန်လည်ထူထောင်ပေးရန်၊ အမျိုးမျိုးအမတော်ကြေးတွေပေး၊ ရိက္ခာဆန်၊ အထည်အဝတ်ပစ္စည်း၊ အိမ်အသုံးအဆောင်များပေးပြီးအမျိုးမျိုးသွေးဆောင်သော်လည်း ပထမ ၃-၄ ရွာလောက်တည်၍ ရသော်လည်းနောက်တော့မနေလိုကြပါ။ ထို့အပြင်မြန်မာ၊ ရခိုင်တပ်များညှင်းပန်းနှိပ်စက်သည်ဟုလွှတ်တော်တွင်စစ်တွေအမတ်များဖြစ်သော ဦးကျော်မင်း (ICS) နှင့်စုလတန်မာမွတ်တို့ခေါင်းဆောင်ပြီးကန့်ကွက်ကြ၍ ရွာသစ်တည်ခြင်း

---

၅။ Mohd.A. Alam ၊စစ်တကောင်းမြို့၊ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ASIAWEEK မဂ္ဂဇင်းအယ်ဒီတာထံပေးစာ၊ January 10, 1992 ။ နောင်ကိုးကားလျှင် Mohd. A. Alam ဟုညွှန်းမည်။

၆။ Union Nationals Democracy Party (ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ)၊ ၁၉-၃-၉၂ ရက်နေ့ရက်စွဲပါ နဝတအမိန့်အမှတ် ၈/၉၂ ဖြင့်နိုင်ငံရေးပါတီအဖြစ်မှ **ပယ်ဖျက်ခြင်းခံရသည်။**

ကိုရစ်ခဲ့ရပါသည်။

ဝင်ဂိုးချုပ်အနေနှင့်ယခုယိုးဒယားနယ်ဝင်ကိစ္စကိုဝင်ဂိုးချုပ်ကအပြဲဂရုစိုက်သလို ၊ထိုဘူးသီးတောင် ၊ မောင်းတောကိစ္စကိုဂရုစိုက်ခဲ့ရပါသည်။ နောက်ပိုင်းတွင်မူဂျာဟစ်များလက်နက်ချကြပါသည်။ ထိုလက်နက်ချပွဲတွင်၄င်းတို့က ထိုနယ်သားများကို ''ဓါးတော'' ဟူ၍မခေါ်ရန် ၊ဘင်္ဂါလီဟုလည်းမခေါ်ရန် ၊ ချစ်တကောင်းကုလားများဟုလည်းမခေါ်ရန် ၊ရခိုင် မွတ်စလင်ဟူသောအမည်နာမကိုလည်းမလိုချင်။ သူတို့ကို ( ရိုဟင်ဂျာ ) အရွှေသားဟုအာရဘစ်စကားနှင့်အဓိပ္ပါယ်ရှိသောနာမည်ကိုသာခေါ်ရန်တင်ပြကြပါသည်။

အုပ်ချုပ်ရေးရာတွင်လည်း ၄င်းတို့ကအယူဝါဒအရဘာသာကိုအခွဲမပြုဘဲ ဒေသကိုအခွဲပြုသော၄င်းတို့အမည်ကိုရွေးချယ်တင်ပြရာစစ်ဘက်ဂိုးချုပ်မှလူကြီးများဆွေးနွေးပြီး ၊ ဥပမာ – မြန်မာပြည်တွင်မှီတင်းနေထိုင်၍ရှေးယခင် အင်္ဂလိပ်တို့အမည်ပေးခေါ်ဝေါ်ခဲ့သောတောင်ပေါ်ကရင်လူမျိုးစုများက ကယားလူမျိုးဟုခေါ်ခြင်း ၊ ယခင်ကတလိုင်းဟုခေါ်ကြသောဝေါဟာရကိုမွန်ဟုပြောင်းခြင်းများကဲ့သို့သဘောထားရှိ၍ ကိုးခရိုင်နယ် ၊ဝနယ် ၊မြစ်ကြီးနား ၊ပူတာအိုဒ် မြောက်ပိုင်းနှင့်အရှေ့ပိုင်း ၊ ကျိုင်းတုံ မြောက်ပိုင်း ဒေသတို့ကိုပေါင်း၍ ဝင်ဂိုး အောက်တွင်နယ်ဝင် ဒေသအုပ်ချုပ် ရေးတစ်ခုဖွင့်လှစ်၍ နယ်ဝင်ဖွဲ့ပြီးမှ ကျယ်ပြန့်စွာလုပ်ရေးအစီအစဉ်တွင်ဘူးသီးတောင် ၊ မောင်းတောဒေသကိုမေယု ဒေသဟုသတ်မှတ်ပြီးဝင်ဂိုးမှအုပ်ချုပ်ရန်တင်ပြပြီးအစိုးရကကာကွယ်ရေးမှလက်ခံ သဖြင့်ဗိုလ်မှူးကြီးစောမြင့်ကိုထိုဒေသများအုပ်ချုပ်ရေးမှူးချုပ်ခန့်အပ်ခဲ့ပါသည်။ နာမည်ကိုလည်းရခိုင်မွတ်စလင်အစား ရိုဟင်ဂျာသုံးခွင့်ပြုခဲ့ပါသည် ''ရ

သို့ဖြစ်၍လွတ်လပ်ရေးရပြီးမြန်မာအစိုးရအဆက်ဆက်ဝန်ကြီးချုပ်များ၏ရိုဟင်ဂျာနှင့်စပ်လျဉ်း၍ပြောဆိုချက်များ ၊အငြိမ်းစားဗိုလ်မှူးချုပ်အောင်ကြီး၏ထုတ်ဖော်ရေးသားချက်များနှင့်မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များရေးသားပြုစုရေးအဖွဲ့မှထုတ်ဝေသည့်သမိုင်းစာအုပ်ပါရေးသားချက်များမှာ ရခိုင်ပြည်နယ်ဘူးသီးတောင်နှင့်မောင်းတောဒေသများ၌နေထိုင်ကြသည့်မူဆလင်များအား '' ရိုဟင်ဂျာ '' ဟုအမည်နာမတပ်ကာခေါ်ဝေါ်မှုသည်အစဉ်အဆက်ကရှိခဲ့ကြောင်းထင်ရှားစေသည့်အချက်များပင်ဖြစ်ပေသည်။

## ၂။ ရိုဟင်ဂျာတို့၏သမိုင်းအချက်အလက်ဆိုင်ရာပြဿနာ

၁၉၈၈ခုနှစ် ၊ အာဏာသိမ်းနဝတစစ်အစိုးရက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက်နိုင်ငံရေးပါတီများတည်ထောင်ခွင့်ပြုခဲ့သည်။ ပါတီပေါင်းမြောက်များစွာပေါ်ပေါက်ခဲ့သည့်အထဲတွင်မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့်တိုင်းရင်းသားလူမျိုးစုများအသီးသီးကိုကိုယ်စားပြု၍နိုင်ငံရေးပါတီများလည်းပေါ်ပေါက်ခဲ့၏။ အဓိကလူမျိုးစုကြီးများဖြစ်သောကချင် ၊ကရင် ၊ကယား ၊ချင်း ၊မွန် ၊ရခိုင် ၊ရှမ်းလူမျိုးစု

---

၇။ အငြိမ်းစားဗိုလ်မှူးချုပ်အောင်ကြီး ၊ ''ကျွန်တော်သိသောဘူးသီးတောင် ၊ မောင်းတော ၊ ကျွန်တော်ဖြေရှင်းခဲ့ရသောရိုဟင်ဂျာပြဿနာ'' ၊ UNDP သတင်းလွှာ ၊ ဖေဖော်ဝါရီ ၊ ၁၉၉၂ ၊ ၁၁ – ၈။ နောင်ကိုးကားလျှင်ဗိုလ်မှူးချုပ်အောင်ကြီးဆောင်းပါး ၊ UNDP သတင်းလွှာဟုညွှန်းမည်။

ကိုယ်စားပြုနိုင်ငံရေးပါတီများအပြင်ဖိုမား၊ မြို (ခေါ်) ခမီ၊ကမန်၊မရာမသည့်လူမျိုး နွယ်စုများကိုကိုယ်စားပြုသည့်နိုင်ငံရေးပါတီများလည်းထွက်ပေါ်လာခဲ့ကြောင်း တွေ့ရပေသည်။

ဤသို့သောလူမျိုးစု၊လူမျိုးနွယ်စုကိုယ်စားပြုနိုင်ငံရေးပါတီအသီးသီးသည်မိမိတို့ လူမျိုးစုအတွက်သော်လည်းကောင်း၊ပြည်ထောင်စုကြီးအတွက်သော်လည်းကောင်းလုပ်သင့် လုပ်ထိုက်၊ဖြစ်သင့်ဖြစ်ထိုက်သည်များကိုအာမခံချက်ပေးမဲဆွယ်စည်းရုံးခဲ့ကြသည်။ ဤ တွင်ရိုဟင်ဂျာအမည်ဖြင့်နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်မရခဲ့ကြသည့်နိုင်ငံရေး ပါတီအချို့လည်းပေါ်ပေါက်ခဲ့သည်။ ယင်းနိုင်ငံရေးပါတီများမှာ၊အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ၊[၈] အမျိုးသားပါတီ၊[၉] မေယုဖွံ့ဖြိုးတိုးတက်ရေးကျောင်းသား လူငယ်များအဖွဲ့ချုပ်၊[၁၀] နှင့်တိုင်းရင်းနွယ်ဖွားပူးပေါင်းရေးပါတီ[၁၁] တို့ဖြစ်သည်။ ထူးခြားသည်မှာဦးအီဗရာဟင် (ခေါ်) ဦးချစ်လွင် ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သည့် အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီသည်ရိုဟင်ဂျာအမျိုးသားရေးကိစ္စကိုမြန် မာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့အတင်းအဓမ္မတွန်းတင်လုပ်ဆောင်နေကြောင်းတွေ့ရသ လိုကျန်သည့် (၃) ပါတီမှာလည်းရိုဟင်ဂျာအမျိုးသားရေးကိစ္စများနှင့်ဆက်နွယ်မှုရှိနေ ကြောင်းတွေ့ရသည်။

ရိုဟင်ဂျာ၏မူလဇာစ်မြစ်နှင့်သမိုင်းကြောင်းဆိုင်ရာအထောက်အထားများ ကိုလက်လှမ်းမှီရာစာအုပ်စာတမ်း၊မှတ်တမ်းမှတ်ရာများကိုချဉ်းကပ်လေ့လာကြည့် ရာဝယ်အချို့စာအုပ်စာကြမ်းများသည်ရိုဟင်ဂျာကိစ္စကိုအလေးအနက်ထားပေါ်ပြ ထားကြောင်းတွေ့ရသလို၊ အချို့စာအုပ်စာတမ်းများတွင်မူသာမန်ကာလျှံကာရေး သားထားသည်ကိုလည်းတွေ့ရပါသည်။ လူသားများသည်လောကဇာတ်ခုံပေါ်၌သမိုင်း ကိုဖန်တီးနေသူများဖြစ်ရာသမိုင်းကိုဖန်တီးရာတွင်အတိတ်မှသမိုင်းကြောင်းကိုမှန် ကန်စွာရှုမြင်နိုင်ရန်အရေးကြီးသကဲ့သို့အနာဂတ်ကိုဖန်တီးရန်အတွက်ပစ္စုပ္ပန်ကာလ ၏ရုပ်ပိုင်း၊စိတ်ပိုင်းလှုပ်ရှားမှုများသည်လည်းကောင်းမွန်ဖြစ်ဖို့ရန်လိုအပ်လှပါသည်။ အမျိုးသားပါတီမှထုတ်ဝေခဲ့သည့်စာစောင်တွင်ရိုဟင်ဂျာသမိုင်းကြောင်းတဝွန်းတဝ

---

၈။ National Democratic Party For Human Rights( မှတ်ချက်။ ၄င်းပါတီသည် ပါတီစုံရွေးကောက်ပွဲ၌ဘူးသီးတောင်မြို့နယ်၊မဲဆန္ဒနယ် (၂) နယ်နှင့်မောင်းတော မြို့နယ်၊မဲဆန္ဒနယ် (၂) နယ်၊ ပေါင်းမဲဆန္ဒနယ် (၄) နယ်လုံး၌အနိုင်ရခဲ့သည် )

၉။ Amyothar Party

၁၀။ Students and Youth League for Mayyu Development (Arakan)

၁၁။ Indigenous Race Collaboration Party

ကိုအောက်ပါအတိုင်းရေးသားဖော်ပြထားပါသည်။

``၁၇၈၄ ခုနှစ်မတိုင်မီကဘင်္ဂလားမှလူများကိုရခိုင်ဘုရင်တို့ကရခိုင်ပြည်သို့ဖမ်းဆီး၍ခေါ်ဆောင်လာခဲ့သည်ကိုရခိုင်ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုမှထုတ်ဝေသောစာစောင်တွင်ဖော်ပြထားပါသည်။ စစ်တကောင်းသည် ၁၁၂၈ ခုနှစ်တွင်ထကြွခဲ့သည်။ ယင်းကိုရခိုင်တို့ကသွားရောက်နှိမ်နင်းခဲ့သည်။ ၁၂၄၆ ခုနှစ်တွင်စစ်တကောင်းကတစ်ကြိမ်ထကြွခဲ့ပြန်သည်။ ဤအချိန်တွင် ရခိုင် လောက်ချီးပူရာ ( Lauchipura )တိုင်အောင်သွားရောက်နှိမ်နင်းရာ မကကျွန်အဖြစ်လူပေါင်း ( ၄၇၅၀၀ ) ကိုဖမ်းဆီးခေါ်ဆောင်လာခဲ့သည်ဟုယင်းစာစောင်၊ စာမျက်နှာ (၆) တွင်ဖော်ပြထားပါသည်။

ခရစ်သက္ကရာဇ် ၁၂၄၆ တွင်ဘင်္ဂလားမှရခိုင်တို့ဖမ်းဆီးခေါ်ဆောင်လာခဲ့သူပေါင်းမှာတစ်ကြိမ်တည်းဖြင့် ( ၄၇၅၀၀ ) ဖြစ်နေကြောင်းတွေ့ရသဖြင့် ယခုအချိန်အထိနှစ်ပေါင်း ( ၇၄၄ ) နှစ်ပင်ကြာညောင်းခဲ့ပြီးဖြစ်ပါသည်။ ထိုသူတို့မှာရခိုင်ဘုရင်ကိုယ်တိုင်ကပင်၎င်း၏အစေအပါးအဖြစ်ယူလာခဲ့သောသူများသာဖြစ်ပါသည်။ ထိုသူတို့ကိုယခုအချိန်အထိ (ဘင်္ဂလားနိုင်ငံသား) ဘင်္ဂါလီဟုခေါ်နေလျှင်ညီညွတ်ရေးပျက်ပြားသွားရန် ဖန်တီးရာရောက်ပါသည်။

၁၇၈၅ ခုနှစ်တွင်တစ်ပြည်လုံးနှံ့လူဦးရေတော်သိမ်းမှုပင်မပြုခဲ့ဟုဆိုထားပါသည်။ အခြားတစ်ဖက်တွင်မဟာမြတ်မုနိဘုရားကိုလည်းမြန်မာမင်းတို့ မန္တလေးသို့ပင့်ဆောင်သွားရာမှဗုဒ္ဓဘာသာ၊ သာသနာကိုလည်းရခိုင်မှရုပ်သိမ်းခြင်းခံလိုက်ရပြီဖြစ်သည်။ ရခိုင်တွင်လူအင်အား၊ ဓနအင်အားတို့မှာခါလီဖြစ်သွားကြောင်းပေါ်လွင်နေပါသည်။ အကယ်၍အင်္ဂလိပ်ကရခိုင်ဒေသကိုမသိမ်းခဲ့လျှင်ရခိုင်သည် မဂိုလ်အင်ပါယာထဲရောက်သွားမည်မှာအထူးသေချာနေပါသည်။ ဤသည်မှာသမိုင်းသင်ခန်းစာဖြစ်ပါသည်။

ဗမာဘုရင်သည်လည်းကောင်း၊ ရခိုင်ဘုရင်သည်လည်းကောင်း၊ မိမိလက်တွင်းသို့ကျရောက်လာသူများကိုချေမှုန်း၍ကျွန်ပြုခဲ့ကြသည်။ ဤပေါ်လစီကြောင့် သမိုင်းတွင်ဗမာနှင့်ရခိုင်သည်အင်္ဂလိပ်တို့၏ကိုလိုနီဖြစ်ခဲ့ရပါသည်။ အကယ်၍ ဗမာဘုရင်နှင့်ရခိုင်ဘုရင်တို့သည်မိမိလက်တွင်းသို့ရောက်လာသူများ၏ဘဝကိုမြှင့်တင်ခဲ့ပါကရခိုင်ပြည်ကြီးသည်ပျက်စီးသွားမည်မဟုတ်သည့်အပြင်အင်အားကြီးသောနိုင်ငံတစ်ခုအဖြစ်တည်ရှိနေမည်ဖြစ်သလို ဗမာပြည်လည်းအင်္ဂလိပ်တို့၏ကိုလိုနီဖြစ်မည်မဟုတ်ပါ။ ရခိုင်ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု (ဗဟိုဌာနချုပ်) စစ်တွေပါတီမှထုတ်ဝေသော ရခိုင်ပြည်မှဘင်္ဂါလီနှင့်သူတို့၏သမိုင်းပြဿနာ စာစောင်တွင်ဖော်ပြခဲ့သောသက္ကရာဇ် ၁၂၄၆ ခုနှစ်ကရခိုင်ဘုရင်ဖမ်းလာခဲ့သောဘင်္ဂလားသား ၄၇၅၀၀ (လေးသောင်းခုနစ်ထောင်ငါးရာ) သည်ယခု ၁၉၉၀ ခုနှစ်တွင်နှစ်ပေါင်း ၇၄၄ နှစ်တိုင်တိုင်ရခိုင်တွင်အခြေစိုက်နေထိုင်လာခဲ့ပြီးဖြစ်ပါသည်။ ထိုသူတို့ကိုယနေ့နိုင်ငံရေးအမည်အားဖြင့်မြန်မာလူမျိုးဟုခေါ်ရန်မှတပါးအခြားမရှိပါ။

သို့သော်လည်းမျိုးပိုးဇာတိအမည်ဖြင့်ခေါ်လိုပါကမည်သည့်အမည်ဖြင့်ခေါ်သင့်ပါသလဲ။ ၎င်းတို့ကိုဘင်္ဂါလီဟုခေါ်နေပါက၊ ၎င်းတို့ကိုဘင်္ဂလားဒေ့ရှ်ကပိုင်သည်ဟုအဓိပ္ပါယ်သက်ရောက်သွားပါမည်။ ယင်းသို့အားဖြင့်တစ်ဘက်နိုင်ငံသို့မိမိလူမျိုးကိုထိုးအပ်နေသလိုသာဖြစ်ပါမည်။ မိမိနိုင်ငံသားများကိုတစ်ဘက်နိုင်ငံ၏နိုင်ငံ

ရေးအမည်ဖြင့်ခေါ်နေပါက တစ်ဘက်နိုင်ငံ၏နိုင်ငံရေးပြဇာတ်ကိုမိမိနိုင်ငံသားများအပေါ်လွှမ်းမိုးသွားအောင်ဖန်တီးပေးရာရောက်နေပါသည်။ ××× တနည်းအားဖြင့်ဘင်္ဂါလီမှာလူ၏မျိုးရိုးအမည်မဟုတ်ဘဲနိုင်ငံရေးအမည်ဖြစ်နေပါသည်။ ××× ××

ရခိုင်ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု၊ ဗဟိုဌာနချုပ်၊ စစ်တွေမှထုတ်ဝေသောဖော်ပြပါစာစောင်ကိုကြည့်ပါက ၁၇၈၅-ခုနှစ်တွင်ရခိုင်၌လူဦးရေ တစ်သိန်းမျှပင်မပြည့်ပါဟုဖော်ပြထားပြီး ၁၂၄၆-ခုနှစ်ကပင်ရခိုင်ဘုရင်များဖမ်းယူလာသောဘင်္ဂလားဦးရေမှာ ၄၇၅၀၀ ရှိနေရာ၊ ၁၇၈၅-ခုနှစ်အချိန်နှစ်ပေါင်း ၄၄၀ ကြာမြင့်သွားပြီဖြစ်၍ မူလလူဦးရေ ၄၇၅၀၀ မှ ၄၄၀ နှစ်အတွင်းမည်မျှတိုးပွားလာမည်ကိုတွေ့ကြည့်နိုင်ပါသည်။ ထို့ကြောင့် ၁၇၈၅-ခုနှစ်တွင်ရခိုင်၌ လူဦးရေ တစ်သိန်းဟုဆိုလျှင် ၄ စုပေါင်းတစ်သိန်းထဲတွင်ဘင်္ဂလားမှဖမ်းယူခဲ့သူအချိုးအစားမည်မျှရှိနေသည်ကိုတွက်ဆယူနိုင်ပါသည်။

ဒီလူမျိုးတို့ကမိမိတို့သည် ရခိုင်ရိုဟင်ဂျာများဖြစ်သည်ဟုမှည့်ခေါ်နေကြပါသည်။ ထို့ကြောင့် ရခိုင်ရိုဟင်ဂျာဆိုသည်မှာဘယ်သူလဲဟုမေးလျှင်ဒီလူမျိုးကိုထိုးပြရန်သာရှိပါသည်။ ××× ထိုအချိန်ကထုတ်ခဲ့သောဒင်္ဂါးများတွင်ရခိုင်ဘုရင်တို့၏ဘွဲ့အမည်ကိုဖော်ပြထားရာ၌၊ရခိုင်ဘုရင်၏အမည်နှင့်တွဲ၍အစ္စလာမ်ဘွဲ့အမည်လည်းပါဝင်နေသည်ကိုတွေ့ကြရပါမည်။ [၁၂]

စစ်တွေမြို့တွင် ဗဟိုဌာနချုပ်အဖြစ်ရုံးစိုက်သော ရခိုင်ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု [၁၃] မှထုတ်ဝေသော ရခိုင်ပြည်မှဘင်္ဂါလီနှင့်သူတို့၏သမိုင်းပြဿနာအမည်ရှိစာစောင်၌ သက္ကရာဇ် ၁၂၄၆ ခုနှစ်တွင်ဘင်္ဂလားပြည်မှ ဘင်္ဂလားသား ၄၇၅၀၀ ကိုရခိုင်ပြည်သို့ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။ ၁၇၈၅-ခုနှစ်၌ရခိုင်ပြည်တွင်လူဦးရေတစ်သိန်းမျှပင်မပြည့်ဟုဆိုသည်။ ဆိုလိုသည်မှာ သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင်ရခိုင်ဘုရင်က ဘင်္ဂလားကိုတိုက်ခိုက်ပြီး ဘင်္ဂလားသား ၄၇၅၀၀ ကိုရခိုင်ပြည်သို့ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။ ၁၇၈၅-ခုနှစ်တွင် ရခိုင်ပြည်ကို ဗမာဘုရင်ဘိုးတော်ဘုရားက တိုက်ခိုက်သိမ်းပိုက်ပြီး ရခိုင်ပြည်သားများအားဖမ်းဆီးခေါ်ဆောင်သွားသဖြင့် ရခိုင်ပြည်တွင် လူဦးရေ တစ်သိန်းမျှပင် မပြည့်တော့ဟုဆိုလိုဟန်ရှိသည်။ ရခိုင်ကောင်းစားစဉ်က ရခိုင်တို့သည် ဘင်္ဂလာ ၁၂ မြို့ကိုပိုင်သည်ဟုလည်းသမိုင်းစာအုပ်အချို့ကရေးသားဖော်ပြကြသည်။ [၁၄] ရခိုင်ပြည်သမိုင်းတွင် မင်းထီး (၁၂၇၃-၁၃၇၆) သည်ဘင်္ဂလား ၁၂ မြို့ကို ရခိုင်လက်နက်နိုင်ငံအဖြစ်သိမ်းပိုက်နိုင်ခဲ့သူဖြစ်သည်ဟုဆိုသည်။ [၁၅] သို့ဖြစ်၍ရခိုင်

---

၁၂။ အမျိုးသားပါတီဝင်များအတွက်လက်စွဲစာစောင်၊ အတွဲ (၇)၊ စာ ၂၆

၁၃။ Arakan Peoples' Democratic Front (APDF)

၁၄။ ဦးတာသန်း၊ ကျောင်းသုံးမြန်မာရာဇဝင်၊ စာ ၁၆၃

၁၅။ ဖိုးလှအောင်၊ ရခိုင်နိုင်ငံသမိုင်းသစ် (ဘီစီ-၃၃၀၀မှအေဒီ ၂၀၇၁၃အထိ) တော်လှန်ရေးနယ်မြေမှထုတ်ဝေသည်။ စာ ၂၃။ နောင်ကိုကိုးကားလျှင်ဖိုးလှအောင်၊ ရခိုင်သမိုင်းသစ်ဟုညွှန်းမည်။

ကောင်းဝါးစဉ်ကာလများက ဘင်္ဂလားကိုတိုက်ပြီး ဘင်္ဂလားသား ၄၇၅၀၀ ကိုရခိုင် ပြည်သို့ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းမှာ အံ့သြဖွယ်ဖြစ်ဖွယ်မရှိချေ။

ဗမာဘုရင်ဘိုးတော်ဘုရား (၁၇၈၂-၁၈၁၉) သည်လည်း ၁၇၈၄ ခုနှစ် တွင်ရခိုင်ပြည်ကိုသိမ်းပိုက်ပြီးနောက် [၁၆] ရခိုင်မှသမတမင်းနှင့်တကွလက်နက်များ၊ ရွှေငွေပစ္စည်းများ၊ ပညာသည်များ၊ ဘုရင့်နောင် ယိုးဒယားမှသိမ်းယူခဲ့သောရွှေဝိထု ပစ္စည်းများနှင့်မဟာမြတ်မုနိရုပ်ပွားတော်တို့ကိုသိမ်းပိုက်ယူဆောင်ခဲ့သည်။ [၁၇] ခေါ် ဆောင်လာသူများထဲတွင် အလုပ်လုပ်နိုင်သောပြည်သူ သုံးသောင်း ပါသည်ဟုဆိုသည်။[၁၈] ၁၆၆၅/၆၆ တွင်အိန္ဒိယအင်ပါယာဘုရင် အောရင်ဇိဗ် ( Auranzeb ) ဘက်မှ ရခိုင်ဘုရင်ဘက်ကိုဂင်္ဂါအရှေ့ဖက်မြေပေါ်၌စစ်အောင်နိုင်သောအခါ ရခိုင်ဘုရင်တပ် မတော်မှရခိုင်စစ်သည် (၂၀၀၀) နှစ်ထောင်ကျော်ကိုဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြ သည်။[၁၉] ထိုနည်းတူ သက္ကရာဇ် ၄၁၉ တွင် ပုဂံမင်းဆက်၊အနော်ရထာစောသည် သထုံပြည်ကိုတိုက်ခိုက်သိမ်းပိုက်စဉ်ကလည်း သထုံမနူဟာမင်းနှင့်တကွ ဓါတ်တော်မွေတော် ပိဋကတ်တော်၊ သူရဲ သူစကာနှင့်တကွဆင်၊မြင်း အလုံးအရင်း၊ ကျမ်းဂန်တတ်ရဟန်း သံဃာတော်များ၊ပညာသည်များကို ပုဂံသို့ဖမ်းဆီးခေါ်ဆောင်ခဲ့လေသည်။ ဤသည်မှာ ပဒေသရာဇ်ခေတ်တွင်အုပ်ချုပ်သည့်ဘုရင်များသည်တိုက်ခိုက်သိမ်းပိုက်၍ နိုင်သည့်ဘက်က ရှုံးသည့်ဘက်မှလူများကိုသုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်လာကြခြင်းမှာလုပ်ရိုးလုပ် စဉ်တခုဖြစ်သည်။ ဤသို့သောသမိုင်းဆိုးမွေများကြောင့်ပစ္စုပ္ပန်ကာလ၌လူမျိုးရေးအရ အငြင်းပွါးမှုများ၊နယ်မြေအရသဘောကွဲလွဲမှုများကိုတွေ့ကြုံခံစားနေရခြင်းကပင်လျှင် သမိုင်းသင်ခန်းစာပင်ဖြစ်သည်။

``× × × အာရက်တို့သည်၎င်းတို့ရခိုင် (အာရကန်) တွင်၎င်းတို့၏အမည်များ ကိုမှည့်ပေးခဲ့သည်။ ၎င်းတို့၏ပြဇာသည် ၁၇ ရာစုနှစ်အထိဆက်လက်လွှမ်းမိုး

---

၁၆။ ဖိုးလှအောင်ရေးသားသည့်ရခိုင်သမိုင်းသစ်က ၁၇၈၄ ခုဇီဇင်ဘာလကုန် (၁၁၄၆-ခုပြာသိုလပြည့်ကျော် ၇ ရက်) နေ့တွင်ရခိုင်တပ်ပြည်လုံး ဗမာတို့ လက်အောက်ကျရောက်ခဲ့သည်ဟုဆိုသည်။

၁၇။ ဦးဖိုးမြင့် (လုစ်သားတောလိစ်) နှင့်ဦးအောင်သိန်းဟန်၊ဘိုအေ(ဂုဏ်ထူး)၊ အင်ဝအလှန်၊ ရန်ကုန်၊ စာပေမွေ့သုစာအုပ်တိုက်၊ ၁၉၆၇၊ စာ ၁၃၂

၁၈။ ဖိုးလှအောင်၊ ရခိုင်သမိုင်းသစ်၊ စာ ၈၆

၁၉။ ၃-ကြိမ်မြောက် ရိုဟင်ဂျာအမျိုးသားနေ့အထူးထုတ်၊ အမျိုးသားပါတီ၊ ၁၉၉၁၊ ဇန်နဝါရီ ၃ ရက်၊ စာ ၇၊ နောင်တိုးကားလျှင် ရိုဟင်ဂျာအမျိုးသားနေ့အထူးထုတ်ဟုညွှန်းမည်။

ခဲ့သည်။ ၄င်းတို့သည်မြစ်များ၊ ကျွန်းများ၏အမည်များကို ကုလားတန် (Kaladrn)၊ ကုလားပန်ဇီ (Kala-Pansi)၊ နတ် (Naaf) ရာဝ်မရိ (Ramree)၊ (ရမ်းဗြဲ) ကျွန်း၊ Caduba ကျွန်းဝသည်ဖြင့် လည်းကောင်း၊ ထိုနောက်သတော့ဆိတ်ကမ်းမြို့တော်ကိုတည်ဆောက်၍အကာ်တရ (Akyab)[20] (ခေါ်) ပင်လယ်နှင့်မြစ်ဆုံသည့်နေရာဝသည်ဖြင့်၄င်းတို့အမည်များပေးခဲ့သည်။

ရိုဟင်ဂျာများကိုမည်သူမည်ဝါဖြစ်သည်ဟုဖော်ပြရာတွင် ဒုတိယအရေးကြီးဆုံးအထောက်အကူပြုမှုနှင့်အာရကန် (ရခိုင်) တွင်ရှိတွင်မှုသည် ၁၄၀၆ ခုနှစ် ဗမာများကဝင်ရောက်သိမ်းပိုက်မှု၏အကျိုးဆက်တခုအဖြစ်တွေ့ရောက်ခဲ့သည်။ ရခိုင်အာရကန်ဘုရင် နရမိတ်လှသည်ဘင်္ဂလားပြည်မြို့တော် ဂိုအား (Gaur) တွင်ခိုလှုံခဲ့သည်။ ၎င်းမြို့တော်တွင်၄င်းသည် ၂၄ နှစ်တိုင်နေထိုင်ခဲ့သည်။ ၁၄၂၉ ခုနှစ်တွင်ဂိုအား၏ဆူလတန်ဘုရင် နဆီရူးဒင်ရှားကဝင်သားနှင့်ယောင်း ကိုဗိုလ်ချုပ်ကြီးဝလီခန် (Gen- Wali Khan) အားဦးစီးစေပြီး ဗမာနှင့်မွန်များကိုနှင်ထုတ်ရန်နှင့်ဘုရင် နရမိတ်လှအားနန်းပြန်လည်ပေးအပ်ရန်စေလွှတ်ခဲ့သည်။ နောင်တနှစ်အကြာတွင်ဘုရင် နရမိတ်လှ၏မေတ္တာရပ်ခံချက်အရ ဂိုအားဘုရင်ကနောက်ထပ်တပ်အင်အား၃၀၀၀ ကိုထပ်မံစေလွှတ်ခဲ့သည်။ ၎င်းတပ်ကြီးတွင် ဗိုလ်ချုပ်ကြီး ဆန္ဒီခန် (Gen -sandi Khan) ကိုဦးစီးစေခဲ့ပြီးအာဏာသိမ်းထားသော ဗိုလ်ချုပ်ကြီး ဝလီခန်၏မှလက်နက်များသိမ်းဆည်းရန်ဖြစ်သည်။ နရမိတ်လှသည်ဆူလေမန်ရှားဟူသောဘွဲ့ကိုခံယူ၍မင်းဆက်ထူထောင်ခဲ့သည်။ ၁၄၃၀ ခုနှစ်မှ ၁၅၃၀ ခုနှစ်အထိနှစ်ပေါင်း ၁၀၀ ကြာအာရကန် (ရခိုင်) သည်မွတ်စလင်ဘင်္ဂလားပြည်အား ဘဏ္ဍာဆက်သခဲ့ရပြီးဘင်္ဂလား၏သမိုင်းနှင့်နိုင်ငံရေးပညာများကိုလေ့လာဆည်းပူးခဲ့သည်။ ဂိုအား (Guar) ပြည်သူများနှင့်ဆက်ဆံမှုရှိခြင်းသည်ရိုဟင်ဂျာတို့၏ဘဝအပေါ်အလွန်ပြဇာသက်ရောက်မှုရှိခဲ့သည်။ ရိုဟင်ဂျာများသည်ထူးခြားသောယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံပိုးရာအချို့ အချက်မြစ်များကို ပိုက်ထုခဲ့သည်။ ရိုဟင်ဂျာစာရေးဆရာများနှင့်ကဗျာဆရာတို့က၄င်းတို့၏သမိုင်းကို၄င်းတို့၏ကိုယ်ပိုင်ဘာသာစာပေဖြင့်ရေးသားခဲ့ကြသည်။

ရိုဟင်ဂျာများ၏လက္ခဏာနှင့်အမှတ်အသားအပေါ်ပြဇာသွင်းမှုသည် ၁၆၆၀ ခုနှစ်တွင်နောက်ဆုံးအဖြစ်အပျက်ဖြစ်ကောင်းဖြစ်ခဲ့မည်။ မဂိုမင်းသား ရှားဆူဂျာ (Shah Shuja) သည်ရခိုင် (အာရကန်) တွင်ခိုလှုံရန်နှင်ထုတ်ခြင်းခံရသောအခါ၄င်းနှင့်မိသားစုများ၊ ထောင်ပေါင်းများစွာသောနောက်လိုက်နောက်ပါများကို ဓမ္မဘာသာဘုရင်ကထိုအချိန်ကကြိုဆိုခဲ့သည်။ သို့သော်ရှားဆူဂျာ (Shah .Shuja) နှင့်အခြားသူများစွာတို့မှာ

---

၂၀။ ၁၀-၆-၈၉ ရက်နေ့မှ ဝ၍ နဝတက စစ်တွေမြို့၏အမည်ကိုမူလ (AKYAB) မှ (SITTWE) အဖြစ်အမည်ပြောင်းလဲခဲ့သည်။

၁၆၆၁ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက် နေ့တွင်အသက်ဆုံးခဲ့ရသည်။ (၎င်းတို့၏အဆက်အနွယ်များမှာကမန် (Kaman ) ဟုခေါ်ကြပြီးယခုတိုင်ရိုဟင်ဂျာများအကြားတွင် နေထိုင်လျက်ရှိသည်) ၂၀

ရိုဟင်ဂျာပြဿနာနှင့်စပ်လျဉ်း၍ သုတေသီအချို့ကလည်း အထက်ပါအတိုင်းထုတ်ဖော် ရေးသားထားသည်ကိုလည်း တွေ့ရပါသည်။ အချို့သမိုင်းစာအုပ်များတွင်ရခိုင်ဘုရင်နရမိတ်လှအား မင်းစောမွန်ဟုလည်း ခေါ် ဝေါ် ကြောင်း ရေးသားကြသည်။၂၂ မင်းစောမွန်သည်၁၄၀၆-ခုနှစ်တွင်အင်းဝဘုရင်မင်းခေါင်သား တော်မင်းရဲကျော်စွာလာတိုက်၍ လောင်းကြက်မြို့ကျဆုံးရသဖြင့်ကုလားမင်းထံ ခိုလှုံရသည်။ ၁၄၂၉ ခုနှစ်တွင်မင်းစောမွန်သည်ကုလားအကူအညီဖြင့် လောင်းကြက်ကိုပြန်ရသည်။ ဤအကူအညီ ကြောင့်ဘာ၏(၁၂)မြို့ကိုကုလားသို့ ပေးလိုက်ရသည်။ ထို့ကြောင့်ရခိုင်ပြည်သည် နှစ်ပေါင်း (၁၀၀) ခန့်ကုလားလွှမ်းမိုးခြင်းခံခဲ့ရသည်။ ၂၃ လောင်းကြက်မြို့ကိုမင်းစောမွန်ပြည်လည်သိမ်းပိုက်ရရှိပြီး နောက်ပညာရှိအမတ်များက လောင်းကြက်မြို့ပျက်ဖူးခဲ့ပြီးဖြစ်၍မြို့ပျက်နှင့်ဆက်လက်နန်းစိုက်ရန်မသင့်၊ မြို့သစ်တည်သင့် ကြောင်း လျှောက်ကြသဖြင့် မြို့နေရာရှာပြီး ၁၄၃၀ ခုနှစ်တွင်မြို့သစ်တည်ကြသည်။ ယင်းမြို့အမည်ကိုလည်း မြောက်ဦးဟုမှည့်ခေါ်ခဲ့သည်။ အချို့ကလည်း ရိုဟင်ဂျာတို့၏ မူလဇစ်မြစ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖော်ထုတ် ရေးသားထားသည်ကိုလည်း တွေ့ရပါသည်။

``အေဒီ ၇၇၁ ခုအ စောပိုင်းစန္ဒြမင်းဆက် (ဟိန္ဒူ) ဝေသာလီ ခေတ်တွင်ရိုဟင်ဂျာလူမျိုးတို့သည်အာရဗ်၊ ပထန်၊ မဂိုနှင့်အင်ဒို-မွန်ဂိုလွိုက်အမျိုးအနွယ်မှ တိုက်ရိုက်ဆင်းသက်လာပြီးရခိုင်(အာရကန်) ဒေသနှင့်ဘင်္ဂလားမြစ်ဝကျွန်း ပေါ်တောင်ပိုင်း ဒေသများ တွင်အခြေချ နေထိုင်ခဲ့ကြသည်။

အေဒီ ၇၈၈ ခုနှစ်အ စောပိုင်းတွင်အာရပ်ကုန်သည်များသည်အာရကန် (ရခိုင်) ပြည်သူများနှင့်ရင်းနှီးစွာကူးလူးဆက်ဆံမှုရှိသည့်အပြင်အစ္စလာမ်ဘာသာပြန့်ပွါးလာ ကြောင်း၊ ထင်ရှား သောသမိုင်း ပညာရှင်ဖြစ်သူ R.B. Smart တမြန်မာအဘိဓာန် ``AKYAB DISTRT:T``ထဲတွင် ဖော်ပြထားသည်။ ထိုအချိန်ကတည်းက ရိုဟင်ဂျာများသည်ဘုရင်ကိုတင် မြှောက် ပေးသူများဖြစ်လာပြီး၊ နောက်ပိုင်း အေဒီ ၁၄၃၀ခု မြောက်ဦး ခေတ်တွင်ရိုဟင်ဂျာများကိုယ်တိုင်နိုင်ငံ တော်ကိုအုပ်ချုပ်ခဲ့ကြသည်ဟုသမိုင်းအ ထောက်အထားများတွင် ဖော်ပြထားသည်။ ရိုဟင်ဂျာများ၏ပြဿနာသည်အထွဋ်အထိပ်ပိုင်းသို့ ရောက်ရှိခဲ့ခြင်း ကြောင့်ဆူလတန်ဘုရင်နာဆရာဒွဟ်ဒင် (Nasir Uddin )ထံ ခိုလှုံခွင့်ရခဲ့သော ရခိုင်ဗုဒ္ဓဘာသာဝင်နရမိတ်လှသည်မူဆလင်အမည်ဆုလမန်ရှား (Salaiman Shah )ဟုပင်ခံယူပြီး နောက်ပိုင်း

---

၂၀။ Mohd. A .Alam (မှတ်ချက်။ ၎င်း ရေးသား ဖော်ပြသည့်ကမန် ( Kaman ) ဟုသည့်အမည်မှာ နဝတအစိုးရမှအတည်ပြုထား သောတိုင်းရင်းသားလူမျိုး (၁၃၅) မျိုးအနက်ရခိုင်အစုတွင်ပါဝင်သောရခိုင်၊ ကမန်၊ ခမွီး၊ ဒိုင်းနက်၊ မရာမကြီး၊ မြို၊ သက်မျိုးနွယ်စုထဲမှကမန်မျိုးနွယ်စုကိုဆိုလိုဟန်တူသည် )

၂၂။ ဦးဘသန်း၊ ကျောင်းသုံးမြန်မာရာဇဝင်၊ ၀၁ ၁၉၆

၂၃။ ပိုးလှ အောင်၊ ရခိုင်သမိုင်းသစ်၊ ၀၁၂၁၊ ၂၆

တွင်အစ္စလာမ်ဘာသာဝင်ဖြစ်ခဲ့သည်။ ၁၄၀၄ ခုနှစ်တွင် ဗမာဘုရင်များကဘုရင်နရမိတ်လှအားနှင်ထုတ်ခဲ့သည်။ (၁၅၃၁–၁၅၅၃) ခုနှစ်တွင်ဘုရင်ဇာဘောက်ရှာ (Zabuk Shah) က မြောက်ဦးမင်းဆက်အားဖွံ့ဖြိုးကြွယ်ဝသောအခြေအနေရောက်အောင်ဖွမ်းဆောင်ခဲ့သည်။ ဘုရင်ဆလင်ရှား (Salim Shah) လက်ထက်တွင်အာရကန် (ရခိုင်) အင်ပါယာကိုအင်အားတောင့်တင်းခိုင်မာစေခဲ့သည်။ ရခိုင်ဘုရင်များသည်အစ္စလာမ်အမည်၊ ဘွဲ့များကိုခံယူခြင်း၊ သို့မဟုတ်၊ အစ္စလာမ်ဘာသာသို့ကူးပြောင်းခြင်းစသည့်သာဓကများရှိသည်။ ၁၈၄၅ အထိပါရှားဘာသာစာပေသည်နိုင်ငံတော်စာပေဖြစ်ခဲ့သည်။ မြောက်ဦးခေတ်ဘုရင်များသည်နန်းမတက်မီအစ္စလာမ်မင်ဆိုင်ရာပညာဗဟုသုတများကိုတတ်သိကျွမ်းကျင်အောင်ဥပဒေအရပြုလုပ်ရသည်။ ဒင်္ဂါးများ၊ တံဆိပ်တုံးများ၊ နိုင်ငံတော်အမှတ်သင်္ကေတများတွင်အာရဗစ်ဘာသာဖြင့်အစ္စလာမ်အမှတ်အသားဖြစ်သော "ကလေမာ" (Kalema) ကိုရေးထိုးထားခဲ့ကြသည်။ "၂၄

ဇာဘောက်ရှာကားရခိုင်ရာဇဝင်၌မင်းဘာကြီး (၁၅၃၁–၁၅၅၃) ဟူ၍လည်းကောင်း၊ မင်းဘင်ဟူ၍လည်းကောင်း၊ ဘစောဆရီဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။ ၎င်းသည် ၁၅၃၁ တွင်သံတွဲမြို့စားဘဝနှင့် နေစဉ်မင်းခေါင်ရာဇာအား တော်လှန်တိုက်ခိုက်၍ဘုရင်ဖြစ်လာသူဖြစ်သည်။ ရခိုင်ပြည်သည်မင်းဘာကြီးလက်ထက်၌တန်ခိုးအာဏာကြီးမားခဲ့သည်။ မင်းစောမွန်လက်ထက်ကဆုံးရှုံးခဲ့သောဘင်္ဂါ ၁၂ မြို့ကိုပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ၂၅

အထက်က ရေးသားဖော်ပြချက်အရရခိုင်ဘုရင်များသည်အစ္စလာမ်ဘာသာသို့ကူးပြောင်းခြင်းသာဓကများရှိကြောင်းဆိုသဖြင့်အချို့လူသူများ၏ရခိုင်ဘုရင်များဘာသာရေးကိုးကွယ်မှုဆိုင်ရာ ရေးသားဖော်ပြချက်များနှင့်ကွဲလွဲမှုရှိနေကြောင်းတွေ့သည်။ ရခိုင်ပြည်တွင်ဘုရင်တစ်ဦးနန်းတက်တိုင်းဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ စေတီတည်ခြင်းတို့လုပ်ကြသည်။ ရှေးရခိုင်ဘုရင်များ၏ကုသိုလ်ကောင်းမှုများအနက်ထင်ရှားသည့်ဘုရားများဖြစ်သော ဝေသာလီဘုရား၊ ရှစ်သောင်းဘုရား၊ ကိုးသောင်း၊ ဒုက္ကံသိမ်၊ ဦးရာဇ်တော်စေတီ၊ မာန်ငါးပါးစေတီများကိုယနေ့တိုင်တွေ့မြင်နိုင်သည်။ ရခိုင်သမိုင်းတလျှောက်ဘီစီ (၅၆၂) မှ အေဒီ (၁၇၈၄) ခုနှစ်တိုင်အောင်ဘုရင်အဆက်ဆက်တို့သည်ဗုဒ္ဓဘာသာကိုကိုးကွယ်ခဲ့သည်။ ဝေသာလီ၊ လောင်းကြက်၊ ပုရိန်၊ မြောက်ဦးစသောရခိုင်မြို့တော်ဟောင်းများတွင်လည်း ၁၆၃၀ ခုနှစ်တွင်သီရိသုဓမ္မရာဇာမင်းလက်ထက်ကဆောက်လုပ်ခွင့်ပြုခဲ့သောခရစ်ယာန်ကျောင်းမှအပဗုဒ္ဓဘာသာမဟုတ်သောအခြားဘာသာအဆောက်အဦဟူ၍တခုတလေမျှရှာဖွေ

---

၂၄။ Manifesto of Rhingya Liberation Organization . Arakan . Burma . P 213 , နောင်တွင်ကိုးကားချက် Manifesto of RLO ဟုသုံးနှုန်းမည်။

၂၅။ ပိုးလှအောင်၊ ရခိုင်သမိုင်းသစ်၊ ၀၁ ၃၀၊ ၃၀၂

မတွေ့ရှိခြင်းကရခိုင်ပြည်သည်ဗုဒ္ဓဘာသာဂစ်စစ်နိုင်ငံတစ်ခုဖြစ်ကြောင်း လူလာထူမျိုကလည်း ရေးသားကြသည်။ ၂၆

ယခုမန္တလေးမြို့တွင်ရှိနေ သောမဟာမြတ်မုနိဘုရားသည်လည်း တော်ဘုရား မောင်ဝိုင်းရခိုင်ပြည်ကိုတိုက်ပြီး ၁၁၄၆ ခုနှစ်ပြာသိုလဆုတ် (၇) ရက် နေ့တွင်သိမ်းယူသွား သောဘုရားဖြစ်သည်။ ၂၇ အချို့သမိုင်းစာအုပ်များ၌မူ ရခိုင်ပြည်သို့ဗုဒ္ဓဘာသာအယူဝါဒ ရောက်လာသည်မှာမြတ်စွာဘုရားလက်ထက် တော်အခါကပင်ဖြစ်၍ယခုမန္တလေး မြို့၌တည်ရှိ သောမဟာမြတ်မုနိရုပ်ပွါး တော်ကိုမြတ်စွာဘုရားလက်ထက်ကပင် သွန်းလုပ်သည်ဟုသမိုင်းရာဇဝင်ထွက်ရှိသည်။ ထို့ရာတွင်ထိုအခါကဟိန္ဒူဘာသာနှင့်မဟာ မက်ဘာသာတို့လည်း ရောက်လာသည်ဟုထင်မှတ်ရန်ရှိသည်ဟုလည်း ရေးသားကြသည်။ ၂၈

တဖန်အချို့စာအုပ်များကလည်း အိန္ဒိယနိုင်ငံ ဆား မြဟ္ဟာ၊ ဗုဒ္ဓနှင့်အစ္စလာမ် အယူဝါဒများလွှမ်းမိုးခဲ့စဉ်သမိုင်းကာလများကယင်းနှင့် ခေတ်ပြိုင်ဖြစ် သောရခိုင် ပြည်နယ်နှင့်လူ့အဖွဲ့အစည်းများတွင်အလားတူလွှမ်းမိုးမှုများကို တွေ့ရှိရသည်ဟုလည်း ဖော်ပြကြသည်။ ၂၉

ရခိုင်ပြည်တွင်အစ္စလာမ်သာသနာဝင်များထုထည်အင်အားကြီးမားစွာနေ ထိုင်မှုကြောင့်ဗုဒ္ဓဘာသာဝင်ရခိုင်ဘုရင်များပင်အစ္စလာမ်သာသနာတံဆိပ်ယူခဲ့ကြ ခြင်းသာမကလဲလှယ်ကိရိယာအဖြစ်အသုံးပြု၊ သုံးစွဲသည့်ဒင်္ဂါးများတွင်အစ္စလာမ်သာသ နာဝင်တို့၏နှုတ်လုံးသား ရေးရာယုံကြည်ချက်ဖြစ်သည့် ``ကာလ်မာ ဿဟင်ဟ်'' စာတမ်း

---

၂၆။ ဦးဝင်ဇာနီ၊ ဗုဒ္ဓကိုးကွယ်ရခိုင်ပြည် ဆောင်းပါး၊ ရခိုင့်ကြမ္မာနှစ် ၂၀၀ စာစောင်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၊ ဗဟိုစည်းရုံးရေးဌာနမှထုတ်ဝေသည်၊ စာ ၅၉၊ ၆၀။ နောင်ကိုးကားလျှင်ရခိုင့်ကြမ္မာနှစ် ၂၀၀ ဟု ညွှန်းမည်။

၂၇။ ရခိုင့်ကြမ္မာနှစ် ၂၀၀၊ တာ ပေါ်ကြီး ရေးသားသည့် ``မဟာမုနိ'' ဆောင်းပါး၊ စာ ၆၄

၂၈။ ဦးဘသန်း၊ ကျောင်းသုံးမြန်မာရာဇဝင်၊ စာ ၁၉၃

၂၉။ ဗန်းမော်တင်အောင်၊ ကိုလိုနီခေတ်မြန်မာနိုင်ငံသမိုင်း၊ ရန်ကုန်၊ ပြည်သူ့အလင်းစာပေတိုက်၊ ဒု–အကြိမ်ထုတ်ဝေသည်၊ ၁၉၆၄ စက်တင်ဘာ၊ စာ ၄၀

ပင်ရိုက်ခတ်ကာအသုံးပြုခဲ့ကြသည်ဟု <u>စာတမ်းတစ်စောင်</u> [၃၀]က ဆိုကာ မူဆလင်အမည်များတွဲလျက်ခံယူခဲ့သော ရခိုင်ဘုရင်အချို့ကို အောက်ပါအတိုင်း ရေးသား ဖော်ပြထား ကြောင်းကိုလည်း တွေ့ရပေသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ခရစ်နှစ် | ၁၄၀၄ | နရမိတ်လှ | (အစ္စလာမ်ဘွဲ့) | စမန် အိဂ်နှမ့်စံ ၅၀၊ | နန်းစံ | ၃ |
| ။ | ၁၄၃၄ | မင်းခရီး | ( ။ ) | အလိခန် ။ | ၄၇ ။ | ၂၅ |
| ။ | ၁၄၅၉ | ဘစောဖြူ | ( ။ ) | ကာလမြရှား ။ | ၃၀ ။ | ၂၃ |
| ။ | ၁၄၈၂ | မင်းဒေါလျာ | ( ။ ) | မနုရှား ။ | ၂၇ ။ | ၂၀ |
| ။ | ၁၄၉၂ | ဘစောညို | ( ။ ) | မူဟာမက်ရှား ။ | ၃၀ ။ | ၂၂ |
| ။ | ၁၄၉၄ | မင်းရန်အောင် | ( ။ ) | နူရီရှား ။ | ၁၀ ။ | ၁ |
| ။ | ၁၄၉၄ | စလင်္ကာသူ | ( ။ ) | ဂျိတ်အဗ္ဗဒုလ္လာရှား | ၃၁ ။ | ၆ |
| ။ | ၁၅၀၀ | မင်းရာဇာ | ( ။ ) | ဒီလိုင်ယစ်ရှား ။ | ၂၀ ။ | ၂၂ |
| ။ | ၁၅၂၃ | ကစာပတိ | ( ။ ) | - ။ | ၁၆ ။ | ၂ |
| ။ | ၁၅၂၅ | မင်းစောအို | ( ။ ) | ဇုလဝ်ရှား ။ | ၅၂ ။ | ၁ |
| ။ | ၁၅၂၅ | ကာသာဒ | ( ။ ) | အလိရှား ။ | ၄၂ ။ | ၆ |
| ။ | ၁၅၃၁ | မင်းဘင် | ( ။ ) | ဟိုစင်ရှား ။ | ၃၉ ။ | ၂၂ |
| ။ | ၁၅၅၃ | မင်းတက်ခါး | ( ။ ) | တန်ခါလ်ရှား ။ | ၃၇ ။ | ၂၂ |
| ။ | ၁၅၅၅ | မင်းစောလှ | ( ။ ) | - ။ | ၂၄ ။ | ၉ |
| ။ | ၁၅၆၄ | စကြာဝတေး | ( ။ ) | - ။ | ၂၀ ။ | ၇ |
| ။ | ၁၅၇၁ | မင်းဖလောင်း | ( ။ ) | စိကန်ဒါရီရှား ။ | ၃၇ ။ | ၂၂ |
| ။ | ၁၅၉၃ | မင်းရာဇာကြီး | ( ။ ) | စလင်းရှား ။ | ၆၀ ။ | ၂၅ |
| ။ | ၁၆၁၂ | မင်းခမောင်း | ( ။ ) | ဂုဟင်ရှား ။ | ၄၀ ။ | ၂၀ |

---

၃၀။ မောင်မောင်ကြီး (မန်း)၊ မဏ္ဍလေးအနောက်တောင်မြို့နယ်၊ အမှတ် ၁၇၅၊ ကမ်းနားလမ်းမှမြန်မာနိုင်ငံသားဥပဒေမူကြမ်းပြုစု ရေးအဖွဲ့၊ ဥပဒေ ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ထံသို့ (၁၉-၇-၈၂) ရက်စွဲဖြင့် ပေးပို့သည့် အကြံပြုလွှာစာတမ်း ။ စာ ၄၃၊ ၄၄

<u>မှတ်ချက်။</u> ယင်းစာတမ်းကပသီလူမျိုးစုအားတိုင်း ရင်းသားမျိုး နွယ်စုအဖြစ်အသိအမှတ်ပြုရန်အ ထောက်အထားအကိုးအကားများစွာဖြင့်တင်ပြထားသည့်စာတမ်းဖြစ်သည်။ စာမျက်နှာ ၄၃ နှင့်၄၄ ပါဖယားကိုဒင်းထု အောက်ပါစာအုပ်စာတမ်းများ အားကိုးကား ဖော်ပြထားပါသည်။

(က) လမ်းစဉ်ပါတီ၊ အခြေပြမြန်မာ့နိုင်ငံ ရေးသမိုင်း (ပ)၊ စာ ၃၈၆၊ ၃၆၆၊ ၄၀၁

(ခ) နိုင်ငံတော်ထုတ်စည်ဝတီအ ရေးတော်ပုံ၊ စာ ၁၃၈၊ ၉၁

(ဂ) Hall.D.G.E , Europe and Burma, AD - 1945,p 63

(ဃ) F.C.Danvers, The Portuguese in India,AD-1966,Vol;1(2nd Edn;)P 19

(င) D.G.E,Hall,A History of South East Asia,AD-1964(2nd Edn;)P 217

(စ) ဦးလှဖေ (စစ်ကိုင်း)၊ ကိုယ်ပိုင်သမိုင်းကိုယ်သိဖို့လိုပြီ။

တို့ကြောင့်ရခိုင်ဘုရင်များသည်အစ္စလာမ်အမည်၊ ဘွဲ့များကိုခံယူခြင်း၊ သို့မဟုတ်၊ အစ္စလာမ်ဘာသာသို့ကူးပြောင်းခြင်းများသာမကရှိခဲ့ကြောင်းအဆိုနှင့်စပ်လျဉ်း၍အထက်ပါအကိုးအကားအထောက်အထားများဖြင့် ရေးသားဖော်ပြချက်များအရယင်းကိစ္စမှာဖြစ်နိုင်ချေရှိသော်လည်းရခိုင်ဘုရင်များအစ္စလာမ်ဘာသာသို့ကူးပြောင်းခြင်းများရှိခဲ့သည်ဟူသည့်အချက်မှာအတည်ပြုနိုင်ရန်များစွာခဲယဉ်းပေသည်။ ယင်းအချက်ခိုင်မာခြင်းရှိ၊ မရှိဟူသည့်အချက်မှာသမိုင်းသုတေသီပညာရှင်များ၏ထုတ်ဖော်ချက်များအပေါ်များစွာတည်မှီနေသည်ဖြစ်၍ ကောက်ချက်ချရန်ခက်ခဲပေသည်။

၁၉၉၁ ခုနှစ်ကုန်ပိုင်းလောက်မှစ၍ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်နှင့်မောင်းတောမြို့နယ်များမှ ဒုက္ခသည်ထောင်ပေါင်းများစွာတို့သည်မြန်မာစစ်အစိုးရ၏ဆိုးဝါးလှသောလူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့အစုလိုက်အပြုံလိုက်ထွက်ပြေးသွားခဲ့ကြသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍မြန်မာစစ်အစိုးရ၏ (၂၁-၂-၉၂) ရက်စွဲပါကြေညာချက်က ``သမိုင်းကြောင်းအရရိုဟင်ဂျာလူမျိုးမရှိပါ၊ ရိုဟင်ဂျာဆိုသည့်အခေါ်အဝေါ်မှာရခိုင်ပြည်နယ်ရှိသောင်းကျန်းသူအဖွဲ့အချို့ကတီထွင်နာမည်ပေးခဲ့ခြင်းဖြစ်သည်``ဟုအတိအလင်းဆိုခဲ့သဖြင့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း (၁၂-၃-၉၂) ရက်နေ့တွင် အောက်ပါအငြင်းသတင်းထုတ်ပြန်ကြေညာခဲ့ရာ၌ ရိုဟင်ဂျာများနှင့်ပတ်သက်သည့်သမိုင်းဆိုင်ရာအချက်အလက်များကိုလည်းထည့်သွင်းဖော်ပြထားပေသည်။

> ``ရခိုင်ပြည်နယ်အကြောင်းကိုထောက်ပြရလျှင်အာရကန်ပြည်နယ်သည် (မြန်မာအစိုးရကရခိုင်ပြည်နယ်ဟုပြန်လည်အမည်ပေးထားသည်) အေဒီ ၈ ရာစုလောက်တွင်အိန္ဒိယန်းကိုယ်ပိုင်ထိန်းသိမ်းအုပ်ချုပ်ခွင့်ပြု[illegible]မှုအောက်သို့ရောက်ရှိလာခဲ့သည်။ အေဒီ ၁၀ ရာစုတွင်အာရကန် (ရခိုင်) သည်ဗမာတို့၏စုစည်း ၊ စည်းရုံးထားသောအစိတ်အပိုင်းဖြစ်လာခဲ့သည်။ အေဒီ ၁၅ ရာစုတွင်အာရကန် (ရခိုင်) သည်မူဆလင်ဘုရင်များအုပ်စိုးသောလွတ်လပ်သည့်ဘုရင်နိုင်ငံဖြစ်ခဲ့သည်။ မူဆလင်ဘုရင်များသည် ၁၇၈၄ နှစ်တိုင်အောင်အုပ်ချုပ်စိုးစံခဲ့သည်။ လွတ်လပ်သောအာရကန် (ရခိုင်) နိုင်ငံမူဆလင်မင်းဆက်များအုပ်စိုးသောကာလအတွင်းဘင်္ဂလီစာပေနှင့်ကဗျာများမှာအာရကန် (ရခိုင်) ဘုရင့်လွှတ်တော်၏ကြီးမှူးညွှန်ကြားမှုအောက်တွင်ဖွံ့ဖြိုးထွန်းကားလာခဲ့သည်။ ကျော်ကြားထင်ရှားသောဘင်္ဂါလီကဗျာဆရာများဖြစ်သည့်ဒူးလတ်ကာဇီ (Daulat Kazi)၊ အလာအွတ် (Alaul) နှင့်မာဂန်ဌာကူးရ် (Magan Thakur) တို့အားအာရကန် (ရခိုင်) လွှတ်တော်မှကဗျာဆုများချီးမြှင့်အပ်နှင်းခဲ့သည်။
>
> ၁၇၈၄ ခုနှစ်တွင်မြန်မာဘုရင်ဘိုးတော်ဘုရားသည်အာရကန် (ရခိုင်) ပြည်ကိုသိမ်းပိုက်ခဲ့သည်။ ထို့နောက် ၁၈၂၆ ခုနှစ်တွင်ရခိုင်သည်ဗြိတိသျှအင်ဒီးယန်းအင်ပါယာအတွင်းသို့ကျရောက်ခဲ့သည်။ နောက်ပိုင်းတွင်ဗြိတိသျှမြန်မာ[illegible]ထည့်သွင်းခဲ့သည်။ [illegible]အားလုံးအဆုံးအ

နှုန်း မှာရခိုင်၊ ဘင်္ဂါလီ၊ ဗမာစကားများထူးဆန်းစွာ ရောနှောနေပြီး ဘင်္ဂလား ဒေ့ရှ်နိုင်ငံ၊ စစ်တကောင်း ဒေသသုံးစကားနှင့်နီးစပ်လျက်ရှိသည်။

လက်ရှိရခိုင်၏လူဦးရေမှာ ခန့်မှန်းခြေအားဖြင့် ၂.၂ သန်း ခန့်ရှိသည်။ ၎င်းတို့အနက် ၁.၄ သန်းမှာ မူဆလင်များဖြစ်သည်။ အဆိုပါမူဆလင်များမှာ လမ်းသုံးသွယ်ဖြင့်ဆင်းသက်လာခြင်းဖြစ်သည်။

(၁) အစ္စလာမ်အယူဝါဒထွန်းကားလာပြီး နောက်အာရပ်ကုန်သည်များသည် ဘင်္ဂလားနှင့်ရခိုင်သို့လာရောက်လည်ပတ်ကြပြီး အေဒီ- ၇ ရာစု လောက်မှအာရပ် မြောက်များစွာတို့သည်ရခိုင်တွင်အခြေချနေထိုင်လာခဲ့ကြသည်။

(၂) မဂိုမင်းသားများ၊ မူးမတ်မျိုးနွယ်များနှင့် နောက်လိုက်၊ နောက်ပါ အခြွေအရံများ - အိန္ဒိယနိုင်ငံဧကရာဇ်ဆာဂျဟန် ( Shahjahan ) ၏သား ဆော်ရှူဂျာ ( Shuja) သည်ဘင်္ဂလားဒေသကိုအုပ်ချုပ်ပြီးနန်းမွေ့ဆက်ခံရန်လှုပ်ရှားကြိုးပမ်းရာမ အောင်မြင်သည့်အတွက် ၁၆၆၀ ခုနှစ်တွင်ရခိုင်သို့ထွက် ပြေးတိမ်း ရှောင်ကာအခြေချနေထိုင်ခဲ့သည်။ အိန္ဒိယပြည်၏ နောက်ဆုံးဧကရာဇ်ဘုရင်မဟာဒူးရှား ဇော်ဖာရ် သည်မြန်မာနိုင်ငံတွင်နတ်ရွာစံပြီးရန်ကုန်တွင်ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။

(၃) တချိန်တခါတွင်စစ်တကောင်း ဒေသမှဘင်္ဂါလီမူဆလင်များသည်မြန်မာ နိုင်ငံအတွင်းသို့၊ တိတိကျကျအားဖြင့်ရခိုင် ဒေသသို့ ရွှေ့ပြောင်း နေထိုင် ခဲ့သည်။ လွတ်လပ် သောရခိုင်တွင်မူဆလင်မင်းဆက်များအုပ်စိုးစဉ်ကာ လအတွင်းနှင့် ၁၉၄၇ ခုနှစ်အင်္ဂလိပ်အုပ်စိုးသည့်ကာလအတွင်းအထိ ဗြိတိသျှအိန္ဒိယအင်ပါယာ၏ ဒေသများအသီးသီးအတွင်းလူများ ပြောင်း ရွှေ့နေထိုင်မှုကိုထိန်းချုပ်ကန့်သတ်မှုမရှိခဲ့ပေ။

ရခိုင်၏ ရှေးဟောင်းအမည်မှာ ( Rosang ) (အထူးသဖြင့်မူဆလင် မင်းဆက်ကာလများအတွင်း) ဟူ၍ဖြစ်ခဲ့သည်။ ဒေသဆိုင်ရာတို့က ရိုဟန် (Rohang) ဟု ခေါ်ရာယခုရိုဟင်ဂျာဟု ခေါ်ကြသည်။ (ရိုဟန် ဒေသတွင်နေ ထိုင်သူများ ။

ဤသည်တို့နှင့်တဆက်တည်း ဖော်ပြရမည်ဆိုလျှင် ၁၉၇၈ ခုနှစ်မတိုင်မီ ကလည်း ရိုဟင်ဂျာမူဆလင်များကို၎င်းတို့ နေအိမ်များမှအတင်းအကြပ်ထွက် ခွါစေခဲ့သည်။ ၎င်းတို့သုံးသိန်း လောက်ဘင်္ဂလား ဒေ့ရှ်နိုင်ငံအတွင်းတွင်ခို လှုံနေခဲ့ကြသည်။ အဆိုပါသူတို့၏ ၇၀% သည်ပထမတန်းစားမြန်မာနိုင်ငံ သားများဖြစ်ခဲ့သည်။ (မြန်မာအစိုးရ၏ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပ ဒေအတည်ပြုပြဋ္ဌာန်းမှုအရ) နှစ်သိန်း ကျော်တို့မှာ ၁၉၇၉ ခုနှစ်တွင်မြန် မာအစိုးရကအပြီးသတ် နောက်ဆုံးလက်ခံခဲ့သည်။ ကျန်ရှိသူဒုက္ခသည်များသည် ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နှင့်အခြားနိုင်ငံများသို့ထွက်ခွါသွားခဲ့ကြသည်။

ဤတစ်ကြိမ်တွင်လည်း ဒုက္ခသည်များ၏ နိုင်ငံသားလက်မှတ်များ၊ အထောက် အထားများကိုမြန်မာလုံခြုံရေးတပ်များကအတင်းအကြပ်သိမ်းဆည်းခဲ့ကြသည်။ သို့ သော်လည်း မြောက်များစွာ သော သူတို့တွင်၎င်းတို့၏အ ထောက်အထားစာ ရွက်စာတမ်းများ ၊ နိုင်ငံသားကဒ်ပြားများယူလာနိုင် ခဲ့ပြီးမည်သူ့ကိုမဆို အလွယ်တကူပြနိုင်ကြသည်။

ထို့ကြောင့်အင်္ဂလိပ်အစိုးရက မည်သည့်ဒေသမှလာသည်ကိုထည့်သွင်းမစဉ်းစားဘဲမြန်မာနိုင်ငံအားလွတ်လပ်ရေးပေးခဲ့သော ၁၉၄၈ – ခုဇန်နဝါရီလ (၄)ရက်နေ့တွင်မြန်မာနိုင်ငံအတွင်းနေထိုင်သူများသည်အမှန်အားဖြင့်မြန်မာနိုင်ငံသားများဖြစ်သည်။ ထို့နည်းတူအရှေ့ပါကစ္စတန်တွင် ၁၉၄၇ – ခုဩဂုတ်လ ( ၁၄ ) ရက်တွင်နေထိုင်သောသူများသည်အရှေ့ပါကစ္စတန်နိုင်ငံသားများဖြစ်ကြသည်။ ထို့ပြင် ၁၉၄၇ – ခုနှစ်ဩဂုတ်လ ( ၁၅ ) ရက်နေ့၌အိန္ဒိယတွင်နေထိုင်သောသူများသည်အိန္ဒိယနိုင်ငံသားများဖြစ်သည် ဆိုလျှင်ယုတ္တိရှိပါသည်။

အထက်တွင်ဖော်ပြခဲ့ပြီးသည့်အတိုင်းရခိုင်ပြည်မှ ရိုဟင်ဂျာမူဆလင်များသည် သမိုင်းဆိုင်ရာကွင်းဆက်များရှိနေပြီး၊လက်ရှိကာလဘင်္ဂလားဒေ့ရှ် ပြည်သူများနှင့်သွေးသားတော်စပ်နေသည်။ မည်သည့်နည်းနှင့်မဆိုဤအချက်ကြောင့်ရိုဟင်ဂျာများသည်မြန်မာနိုင်ငံသားအဖြစ်လည်းကောင်း၊မြန်မာနိုင်ငံတွင်နေထိုင်လုပ်ကိုင်စားသောက်ခွင့်ကိုလည်းကောင်းဆုံးရှုံးရလိမ့်မည်ဟုဆိုမှု မရနိုင်ပေ။ x x x x x x အထက်ပါတို့ကိုကြည့်လျှင် ရိုဟင်ဂျာမူဆလင်များသည်ရခိုင်ပြည်နယ်တွင်ရှေးနှစ်ပေါင်းတစ်ထောင်ကျော်ကတည်းကနေထိုင်လာပြီး၊နောက်ပိုင်းတွင်ထိုပြည်နယ်၌လူများစုဖြစ်လာခဲ့သည့်ထင်ရှားသောအုပ်စုဖြစ်ကြောင်းရှင်းလင်းစွာတွေ့မြင်နိုင်ပေသည်။ ထို့ကြောင့်၎င်းတို့အားနှင်ထုတ်ရန်လက်ရှိကြိုးပမ်းနေခြင်းမှာ မည်သည့်နည်းနှင့်မျှအခြေအမြစ်မရှိပေ။ [၃၁]

ထိုသို့ရိုဟင်ဂျာတို့၏သမိုင်းအချက်အလက်ဆိုင်ရာပြဿနာများနှင့်ပတ်သက်၍အထက်ကရေးသားတင်ပြချက်အသီးသီးကိုအနှစ်ချုပ်လိုက်ပါက၎င်းတို့၏အဓိကဆိုလိုရင်းမှာအောက်ပါအချက်များဖြစ်ကြောင်းတွေ့နိုင်သည်။

(၁) ရခိုင်ပြည်၌ ၁၇၈၅ – ခုနှစ်သည်လူဦးရေတစ်သိန်းပင်မပြည့်တော့သည့်ကာလဖြစ်ရာ၊ ၁၂၄၆ ခုနှစ်ကရခိုင်ဘုရင်များဖမ်းယူခဲ့သည့်ဘင်္ဂလားသား ၄၇၅၀၀ မှယနေ့ ၁၉၉၀ ခုနှစ်အထိ၊နှစ်ပေါင်း ( ၇၄၄ ) နှစ်အတွင်းတိုးပွါးလာသည့်လူဦးရေအများစုမှာမျက်မှောက်ကာလဘူးသီးတောင်၊မောင်းတော ဒေသတွင်နေထိုင်ကြသည့်ရိုဟင်ဂျာများဖြစ်ကြောင်း၊

(၂) ရခိုင်ဘုရင်များသည်မူဆလင်အမည်များကိုတွဲလျှက်ခံယူခြင်း၊ယင်းကာလများကသုံးစွဲခဲ့သည့် ဒင်္ဂါးများတွင်ရခိုင်ဘုရင်၏အမည်နှင့်တွဲ၍အစ္စလာမ်စကားစုများပါဝင်နေခြင်း၊ရခိုင်ပြည်သည်နှစ်ပေါင်း ( ၁၀၀ ) ခန့်ဘင်္ဂလီတို့၏လွှမ်းမိုးခြင်းကိုခံခဲ့ရနေခြင်းတို့ကြောင့်ရိုဟင်ဂျာများသည်ရခိုင်လူမျိုးများနှင့်မျိုးနွယ်စုချင်းဆက်နွယ်မှုရှိကြောင်း၊

(၃) ၁၉၄၈ ခုနှစ်မြန်မာပြည်လွတ်လပ်ရေးရပြီးကာလတာဝန်ကြီးချုပ်များအဖြစ်ထမ်းဆောင်ခဲ့ကြသည့်ဦးနု၊ဦးဘဆွေ တို့က ရိုဟင်ဂျာများသည်မြန်မာလူမျိုးစုတစ်စုဖြစ်ကြောင်းပြောဆိုချက်၊ ၁၉၆၁ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိမြန်မာ့အသံမှ ရိုဟင်ဂျာဘာသာအစီအစဉ်အားတစ်ပတ်လျှင်နှစ်ကြိမ်အသံလွှင့်ခွင့်ရခဲ့ခြင်းကြောင့်ရိုဟင်ဂျာများသည်လူမျိုးတစ်စုဖြစ်ကြောင်းတို့ပင်ဖြစ်သည်။

---

၃၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဌာနထုတ်ပြန်ချက် ၁၁၁၊ ၂၊ ၃

၃။ ရိုဟင်ဂျာများအပေါ် မတူညီသော သဘောထား (၃) ရပ်

ရိုဟင်ဂျာပြဿနာနှင့် စပ်လျဉ်း၍ ယခုအခါ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် မြန်မာနိုင်ငံရေးစာမျက်နှာများတွင် သဘောထားမျိုးစုံ ရှုထောင့်ပေါင်းစုံဖြင့် ရေးသားပြောဆိုနေကြသည်ဖြစ်ရာ ရိုဟင်ဂျာများသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးနွယ်စု မဟုတ်၊ တိုင်းရင်းသားလူမျိုးနွယ်စု မဖြစ်ထိုက်၊ ရိုဟင်ဂျာများသည် တိုင်းရင်းသား ၁၃၅ မျိုးစာရင်းတွင် မပါဝင်သဖြင့် လူမျိုးနွယ်စု မဟုတ်၊ ရိုဟင်ဂျာဟူသည့်အမည်မှာ ရခိုင်ပြည်နယ်ရှိ သောင်းကျန်းသူအဖွဲ့အစည်းအချို့ကတွင် နာမည်ပေးခဲ့သည့်အမည်ဖြစ်ပြီး ၎င်းတို့သည် ဘင်္ဂါလီလူမျိုးများသာဖြစ်သည်၊ စသည်ဖြင့် ပြောဆိုရေးသားနေသကဲ့သို့ တစ်ဖက်ကလည်း သမိုင်းကြောင်းအထောက်အထားများအရ မိမိတို့သည် ရှေးပဝေသဏီကတည်းက ရခိုင်ပြည်နယ်တွင် နေထိုင်လာခဲ့ကြသည့် ရိုဟင်ဂျာလူမျိုးများဖြစ်ကြောင်း အခိုင်အမာပြောဆို ရေးသားနေသည်ကိုလည်း တွေ့ရသည်။

ထို့ကြောင့် ဤပြဿနာအား ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်လျှင် ရိုဟင်ဂျာများနှင့် ပတ်သက်၍ မတူညီသော ဆန္ဒသဘောထား (၃) ရပ် ရှိနေကြောင်း တွေ့ရသည်။ ဤသဘောထားများမှာ -

(က) ရိုဟင်ဂျာများသည် တိုင်းရင်းသားလူမျိုးနွယ်စု မဟုတ်ဟူသော သဘောထား

(ခ) ရိုဟင်ဂျာများသည် ရခိုင်ပြည်သား စစ်စစ်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးနွယ်စုဖြစ်သည် ဟူသော သဘောထား

(ဂ) ရိုဟင်ဂျာများသည် သီးခြားလူမျိုးဖြစ်သည်ဟူသော သဘောထားများဖြစ်သည်။

(က) ရိုဟင်ဂျာများသည် တိုင်းရင်းသားလူမျိုးနွယ်စု မဟုတ်ဟူသော သဘောထား

ဤသဘောထားကို ကမ္ဘာသိ ကြေညာခဲ့သည်မှာ နဝတစစ်အစိုးရဖြစ်သည်။ ၎င်းတို့က မြန်မာနိုင်ငံတွင် နေထိုင်သော တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် ရိုဟင်ဂျာလူမျိုးဟူ၍ မရှိကြောင်း၊ သမိုင်းကြောင်းအရလည်း ရိုဟင်ဂျာလူမျိုးဟူ၍ မရှိကြောင်း၊ ရိုဟင်ဂျာဆိုသည့် အခေါ်အဝေါ်မှာ ရခိုင်ပြည်နယ်ရှိ သောင်းကျန်းသူအဖွဲ့အချို့ကတွင် နာမည်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ-အင်္ဂလိပ် ပထမစစ်ပွဲအချိန် ၁၈၂၄-မှ စ၍ မူဆလင်ဘာသာဝင်နွယ်ဖွားများသည် တစ်ဖက်နိုင်ငံမှနေ၍ မြန်မာနိုင်ငံ၊ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်းသို့ ဥပဒေမဲ့ဝင်ရောက်လာခဲ့သူများဖြစ်ကြောင်း အတိအလင်း ကြေညာချက်ထုတ်ခဲ့သည်။ [၄၂] ထို့ကြောင့် ၎င်းတို့ကို နဝတစစ်အစိုးရက

၄၂။ နဝတစစ်အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၂၁-၂-၉၂) ရက်စွဲပါ သတင်းထုတ်ပြန်ချက်

"ဘင်္ဂါလီကုလားလူမျိုး" ဟူ၍ရေးသားပြောဆိုနေသည်။

နိုင်ငံရေးပါတီအဖွဲ့အစည်းများအနက်မှ ရခိုင်လူမျိုးစုကိုယ်စားပြုပါတီတစ်ခုဖြစ်သော "ရခိုင်ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု" ပါတီကလည်း စစ်တကောင်းသားလူမျိုးဟူ၍လည်းကောင်း၊ ဘင်္ဂါလီဟူ၍လည်းကောင်း ခေါ်ဝေါ်ရေးသည်။ တစ်ဖန်၎င်းတို့ပါတီမှထုတ်ဝေသည့် "ရခိုင်ပြည်နယ်မှ ဘင်္ဂါလီများနှင့် ၎င်းတို့၏ သမိုင်းပြဿနာ" စာစောင်တွင် "ရခိုင်ပြည်အနောက်ဘက်မြေယာဒေသ (ဘူးသီးတောင်နှင့် မောင်းတောမြို့နယ်များ) တွင် စစ်တကောင်းနယ်မှ ဘင်္ဂါလီကုလားများ ဝင်ရောက်အခြေချနေထိုင်ခဲ့သည်မှာ အလွန်ကြာပြီဖြစ်သည်။ မကြာသေးမီက ရခိုင်မှ ဘင်္ဂါလီတစ်စုက ၎င်းတို့ကို – ရခိုင်ကုလား၊ ရခိုင်ဘင်္ဂါလီ၊ ခေါ်တော့ကုလား၊ ဘင်္ဂါလီစသည်ဖြင့် မခေါ်သင့်ကြောင်း တောင်းဆိုလာကြသည်ကို တွေ့ကြရသည်"[၃၃] ဟုရေးသားထားသည်ကို တွေ့ရခြင်းဖြင့် ၎င်းတို့အနေဖြင့် ရိုဟင်ဂျာများသည် တိုင်းရင်းသားလူမျိုးနွယ်စုမဟုတ်ဟုသော သဘောထားရှိကြောင်း ဖော်ပြနေပေသည်။

ထို့အတူပင် ရခိုင်တိုင်းရင်းသားလူမျိုးအတော်များများမှလည်း ရိုဟင်ဂျာများအား လူမျိုးနွယ်စုတစ်စုအဖြစ် အသိအမှတ်မပြု၊ လက်မခံကြသည့်သဘောထားများလည်း ရှိနေကြသည်။ ယင်းအချက်က ရိုဟင်ဂျာတို့၏ သမိုင်းကြောင်းကို လက်မခံခြင်းကြောင့် ဖြစ်နိုင်သလို၊ ၁၉၄၂ ခုနှစ်များက ရခိုင်နှင့် ရိုဟင်ဂျာလူမျိုးရေးအဓိကရုဏ်း[၃၄] ဖြစ်ပွားခဲ့ခြင်း၏ အကျိုးဆက်ကြောင့်လည်း ဖြစ်နိုင်ကြောင်း ယူဆရပေသည်။

၁၉၉၀–၉၂ ခုနှစ်ကာလများအတွင်း ဒုက္ခသည်များအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ အစုလိုက်အပြုံလိုက် ထွက်ပြေးသွားခဲ့သည်မှစ၍ ရိုဟင်ဂျာပြဿနာသည် မြန်မာပြည်သူလူထုအဖို့ အသစ်ပြန်ဖြစ်လာခဲ့သည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများမှလွဲ၍ အခြားတိုင်းရင်းသားများ၊ ပြည်သူလူထုများမှာ ရိုဟင်ဂျာဟူ၍ ကြားဖူးရုံသာရှိပြီး ကိုယ်တွေ့လက်တွေ့မျှ ရှိဖူးသူများ မဟုတ်ကြခြင်းကြောင့် ယင်းပြဿနာနှင့်ပတ်သက်၍ အနည်းအကျဉ်းမျှသော ပြောဆိုမှုများသာ ရှိခဲ့သည်။ သို့ရာတွင် ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများနှင့် ကပ်ပြည်နယ်တည်း အတူနေထိုင်ကြသည့် ရခိုင်တိုင်းရင်းသားများက ရိုဟင်ဂျာပြဿနာနှင့်ပတ်သက်ပြီး အမြောက်အများပင် ကန့်ကွက်ပြောဆို၊ ရေးသားကြသည်မှာ အထူးစိတ်ဝင်စားဖွယ်ကောင်းသော အချက်ပင်ဖြစ်သည်။

---

၃၃။ ရိုဟင်ဂျာအမျိုးသားနေ့အထူးထုတ်၊ စာ ၃

၃၄။ Manifesto of RLO , P 3 (မှတ်ချက်။ ၁၉၄၂ ခုနှစ်များက လူမျိုးရေးအဓိကရုဏ်းတွင် ရိုဟင်ဂျာများ အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ရသည်ဟု ဆိုသည်)

(ခ) ရိုဟင်ဂျာများသည်ရခိုင်ပြည်သားအစစ်ဖြစ်ပြီးတိုင်းရင်းသားလူမျိုးနွယ်စု ဖြစ်သည် ဟူသောသဘောတရား

ဤသဘောတရားကိုအတိအလင်းဖော်ပြသည်မှာ ရိုဟင်ဂျာကိုယ်စားပြုနိုင်ငံရေး ပါတီတစ်ခုဖြစ်သော ``အမျိုးသားပါတီ'' ဖြစ်သည်။ ၎င်းပါတီမှ ရိုဟင်ဂျာလူမျိုးနွယ်စု အဖြစ်တည်ရှိခဲ့မှု၊ ရခိုင်လူမျိုးစုများနှင့်ဘဝချင်းထပ်တူဖြစ်မှုကိုတင်ပြခဲ့သည်။ ၎င်း တို့၏အဆိုအရ ``ရိုဟင်ဂျာတို့ဘဝသည်ရခိုင်တို့၏ဘဝဖြစ်သည်၊ ရခိုင်နှင့်ရိုဟင်ဂျာသည် နှစ်ပေါင်းသုံးထောင်ကျော်ကပင်အတူတကွနေထိုင်လာခဲ့ကြသဖြင့်ဘဝချင်းထပ်တူဖြစ် သည်။ ရခိုင်နှင့်ရိုဟင်ဂျာသည်မူလအားဖြင့်အာရိယန်မျိုးရိုးတစ်ခုတည်းမှဆင်းသက် လာသောအမွှာညီအကိုဖြစ်၍ပြည်ထောင်စုကိုလေးစားကြောင်း၊ မိမိတို့ရခိုင်ပြည်နယ် ကိုလေးစားကြောင်းပြည်ပရန်မှကာကွယ်ရန်အတူတူတာဝန်ရှိသည်'' ၃၅ ဟူ၍သဘော တရားကြောင်းတွေ့ရသည်။

ယခင်ကာလများကအစေးမကပ်လှသည့်ရခိုင်နှင့်ရိုဟင်ဂျာတို့အားပြန်လည် သင့်မြတ်စေလိုသည့်၊ တဖက်ကလည်း၎င်းတို့သည်ရိုဟင်ဂျာလူမျိုးနွယ်စုဖြစ်ကြောင်းသမိုင်း အထောက်အထားများပြ၍ပြောဆိုနေသည်ကိုကြည့်ခြင်းဖြင့် ရိုဟင်ဂျာများသည်ရခိုင်လူ မျိုးစုကြီးတွင်ပါဝင်သည့် မြို၊ ခမီး၊ သက်၊ ဒိုင်းနက်စသည်တို့ကဲ့သို့လူမျိုးနွယ်စု (သို့မဟုတ်) ဆွေမျိုးစုအဖြစ်အသိအမှတ်ပြုစေလိုသည့်သဘောတရားကိုတွေ့ရပေသည်။

(ဂ) ရိုဟင်ဂျာများသည်အခြားလူမျိုးဖြစ်သည်ဟူသောသဘောတရား

မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် ရခိုင်၊ မွန်နှင့်ချင်းပြည်နယ်တောင်း ဆိုမှုများပေါ်ပေါက်ခဲ့ရာတွင်အစိုးရက ၁၉၆၀ပြည့်နှစ်ဧပြီလ (၂၉) ရက်နေ့၌ နိုင် ငံတော်သမ္မတဟောင်းဒေါက်တာဦးဘဦးခေါင်းဆောင်သောနိုင်ငံတော်အစိုးရအတိုင် ပင်ခံအကြံပေးငါးဦးအဖွဲ့ကိုဖွဲ့စည်းပေးခဲ့သည်။ ယင်းအကြံပေးအဖွဲ့ကအလှည့်ပေါင်းဝမှ ရခိုင်အမျိုးသားများအားဖိတ်ကြား၍တိုင်ပင်ဆွေးနွေးခြင်း၊ ရခိုင်ပြည်နယ်အတွင်း ခရိုင်[၃၆] အသီးသီးရှိမြို့များသို့သွားရောက်ကာဇာတိသားများနှင့်တွေ့ဆုံမေးမြန်း ခြင်းများပြုလုပ်ခဲ့သည်။ နောက်ဆုံးအကြံပေးအဖွဲ့မှအစိုးရထံအစီရင်ခံစာတင်သွင်း

---

၃၅။ ရိုဟင်ဂျာအမျိုးသားနေ့အထူးထုတ်၊ စာ ၁၀

၃၆။ ထိုစဉ်က ရခိုင်ပြည်နယ်တွင်စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်၊ မေယုခ ရိုင်ဟူ၍ခရိုင် (၄) ခုရှိသည်။ သို့ရာတွင်ဘူးသီးတောင်မြို့နယ်၊ မောင်းတော မြို့နယ်နှင့်ရသေ့တောင်မြို့နယ်မှအချို့ရွာများပါဝင်သည့်မေယုနယ်ခြားခရိုင် မှာနယ်ခြားအုပ်ချုပ်ရေးဌာနမှတိုက်ရိုက်အုပ်ချုပ်သည်။

ပြီးနောက် "ရခိုင်ပြည်နယ်ပြင်ဆင်ရေးကော်မတီ" ကိုဖွဲ့စည်းခဲ့ရာ ယင်းကော်မတီမှ ရခိုင်ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပဥ္စမပြင်ဆင်ချက်) ဥပဒေကြမ်းကိုရေးဆွဲပြီးအစိုးရထံတင်သွင်းခဲ့သည်။ [၃၇]

၁၉၆၁ ခု နိုဝင်ဘာလ ၂၇ ရက်နေ့၌ဘူးသီးတောင်၊ မောင်တောမှလွှတ်တော်အမတ်များဖြစ်သော ဆူလတန်မာမွတ် ( Mr. Sultan Mahmud )၊ မစ္စတာ အဘူလ်ကော်ရှော်လ်၊ မစ္စတာရာရှစ် ( Mr. Rashid )နှင့်မစ္စတာ အဘူခိုင် ( Mr. Abu Khai )တို့သည်တရားရေးဝန်ကြီး ဒေါက်တာအေးမောင်နှင့်လာရောက်တွေ့ဆုံဆွေးနွေးကြသည်။ အမတ်များ၏ခေါင်းဆောင်မစ္စတာဆူလတန်မာမွတ်က ရခိုင်ပြည်နယ်ဖွဲ့စည်းသည့်အခါ ဘူးသီးတောင်၊ မောင်တောနယ်မြေကို ရခိုင်ပြည်နယ်ထဲမထည့်သွင်းရန်တင်ပြသည်။ ထို့အပြင် မေယုခရိုင်အုပ်ချုပ်ရေးတွင် ပါဝင်နေသောရသေ့တောင်မှ သူကြီးအုပ်စုကျေးရွာ ၂၉ ရွာကိုပင်လျှင် ၎င်းတို့ကခွဲထုတ်ပေးမှသာ ရခိုင်ပြည်နယ်ထဲပါစေလိုကြောင်းတင်ပြခဲ့သည်။ [၃၈]

ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်ပေးရေးအတွက်လူထုဆန္ဒကိုမည်သည့်နည်းဖြင့် တောင်းယူသင့်ကြောင်း နိုင်ငံတော်အစိုးရအကြံပေးအဖွဲ့၏အကြံပေးချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသရှိနိုင်ငံရေးအသင်းအဖွဲ့ပေါင်းစုံကိုယ်စားလှယ်များဆွေးနွေးပွဲတစ်ရပ်ကို ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့က ရန်ကုန်မြို့ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဧည့်ခံမဏ္ဍပ်တွင်ကျင်းပသည်။ ထိုဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်၊ တရားရေးဝန်ကြီး ဒေါက်တာအေးမောင်၊ ဘဏ္ဍာရေးဝန်ကြီးသခင်တင်၊ သာသနာရေးဝန်ကြီးဦးဘစော၊ ဒေါက်တာဦးဘဦးအမှူးပြုသောအစိုးရအကြံပေးအဖွဲ့ဝင်လူကြီးများ၊ ရခိုင်တိုင်းမှ ရတညအဖွဲ့၊ ပထစအဖွဲ့၊ ဖဆပလအဖွဲ့၊ ရခိုင်မူဆလင်လူငယ်များအဖွဲ့၊ မွန်ပြည်နယ်မှအဖွဲ့အစည်းများမှကိုယ်စားလှယ်များတက်ရောက်ကြသည်။ ယင်းဆွေးနွေးပွဲတွင် ရခိုင်မူဆလင်လူငယ်များအဖွဲ့မှကိုယ်စားလှယ်များက ရခိုင်ပြည်နယ်ပေးခဲ့သော် ဘူးသီးတောင်၊ မောင်တောမြို့နယ်နှင့် မေယုနယ်ခြားဒေသများကိုသီးခြားတိုင်းရင်းသားမူဆလင်ပြည်နယ်တစ်ခုထူထောင်ပေးရန်တင်ပြကြသည်။ [၃၉]

အထက်ဖော်ပြပါအချက်များကိုကြည့်ခြင်းဖြင့် ရခိုင်ပြည်နယ်တောင်းဆိုစဉ်ကာလများက မေယုခရိုင်တွင်နေထိုင်သူများသည် ရခိုင်ပြည်နယ်အဖြစ်ရမည်ဆိုပါက ရခိုင်ပြည်နယ်ထဲမပါဝင်လိုခြင်း၊ မေယုခရိုင်ကိုသီးခြားမူဆလင်ပြည်နယ်တစ်ခုအဖြစ်ထူထောင်

---

၃၇။ ၅၈–၆၂ မြန်မာ့နိုင်ငံရေး (တ–တွဲ) စာ ၂၁၈၊ ၂၂၀၊ ၂၂၅၊ ၂၄၃
၃၈။ ၅၈–၆၂ မြန်မာ့နိုင်ငံရေး (တ–တွဲ) စာ ၂၅၁
၃၉။ ၅၈–၆၂ မြန်မာ့နိုင်ငံရေး (တ–တွဲ)၊ စာ ၂၃၃၊ ၂၃၄

ပေးရန်တောင်းဆိုခြင်းများသည် ၎င်းတို့သည် သီးခြားလူမျိုးစုတစ်စုဖြစ်ကြောင်းပေါ်ပြရာရောက်နေသည်မှာ အငြင်းပွားဖွယ်မရှိချေ။

တဖန် မျက်မှောက်ကာလ၌လည်း ရိုဟင်ဂျာကိုယ်စားပြုနိုင်ငံရေးပါတီတစ်ခုဖြစ်သော "အမျိုးသားလွှတ်အခွင့်အရေးဒီမိုကရက်တစ်ပါတီ" မှ (၃၁-၈-၉၀) ရက်စွဲဖြင့်ထုတ်ဝေသော "ရခိုင်ပြည်နှင့်ရိုဟင်ဂျာလူမျိုးသမိုင်းချုပ်" စာစောင်တွင် "မူဆလင်ရိုဟင်ဂျာများသည် ကမ္ဘာပေါ်ရှိအခြားလူမျိုးများနှင့်မတူ၊ မြန်မာပြည်ရှိအခြားလူမျိုးများနှင့်လည်းမတူသော သီးခြားလူမျိုးဖြစ်သည်၊ ရခိုင်ပြည်သည် ပထမနှစ်ထောင်စာနှစ်အတွင်း ဝေသာလီကုလားမင်းအဆက်ဆက်အုပ်ချုပ်ခဲ့သည့်ကုလားပြည်တစ်ပြည်သာဖြစ်ခဲ့သည်၊ ရခိုင်ပြည်သည် ဘင်္ဂလားပြည်၏အစိတ်အပိုင်းတစ်ခုဖြစ်၍ ရခိုင်ရှိလူများသည်လည်း ဘင်္ဂလားနှင့်အတူတူပင်ဖြစ်သည်၊ လွတ်လပ်ရေးမရမီဦးက ရိုဟင်ဂျာများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့တွင် လျစ်လျူရှုထားကြောင်းတွေ့မြင်ရ၍ မူဂျာဟစ်အမည်ဖြင့် ပုန်ကန်သူကြွမှုမှာ ဗကပ၊ ကရင်တို့နှင့်မရှေးမနှောင်းမှာပင်ပေါ်ပေါက်ခဲ့သည်။ ယနေ့သန်းကျော်ရှိသော ရိုဟင်ဂျာအမျိုးသားများကိုယ်စားပြုမှာ ကိုယ်ပိုင်ဖန်တီးခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ရိုဟင်ဂျာအမျိုးသားတစ်ရပ်လုံးတွင်တာဝန်ရှိသည်" ၄၀ ဟူ၍ ၎င်းတို့၏သဘောထားကိုရေးသားဖော်ပြခဲ့သည်။ တနည်းဆိုရလျှင် ရိုဟင်ဂျာများသည် သီးခြားလူမျိုးဖြစ်ကြောင်းဆိုခြင်းပင်ဖြစ်သည်။

၄။ <u>ရိုဟင်ဂျာလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ</u>

ရိုဟင်ဂျာလူမျိုးများသည် မူဂျာဟစ်သောင်းကျန်းမှု၏အစဖြစ်သည်ဟု နဝတစစ်အစိုးရကဆိုသည်။ ၄၁ မြန်မာပြည်သည် ဗြိတိသျှတို့၏လက်အောက်ခံဘဝမှလွတ်မြောက်ဖို့နေခါ မူဆလင်များအတွက်ပါ၊ ပါကစ္စတန်နိုင်ငံသီးခြားထူထောင်မည်ဟူသော သတင်းသည် ဘူးသီးတောင်၊ မောင်းတောဒေသသို့ပါပြန့်နှံ့ရောက်ရှိလာခဲ့သည်နှင့် ကါဝင်ဆိုသူဦးဆောင်၍ "မူဂျာဟစ်" ဟုခေါ်သောနိုင်ငံရေးလှုပ်ရှားမှုအဖွဲ့တစ်ဖွဲ့ စတင်ထူထောင်ခဲ့သည်။ ထိုအဖွဲ့၏တောင်းဆိုချက်မှာ ဘူးသီးတောင်၊ မောင်းတောဒေသအား ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှ ခွဲထွက်၍ ယခုအခါ ဘင်္ဂလားဒေ့ရှ်ဟုခေါ်သော အရှေ့ပါကစ္စတန်နှင့်ပေါင်းစည်းလိုက်ရန်ဖြစ်ပါသည်။ ၄၂ မေဂျာကာခါစင်မှာ အင်္ဂလိပ်

---

၄၀။ ရိုဟင်ဂျာအမျိုးသားနေ့ထူးထုတ်၊ စာ ၁၁

၄၁။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း (၁)၊ စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၀၊ ဇူလိုင်၊ စာ ၃၉။

၄၂။ ဦးဖေခင်၊ "မြန်မာ့အနောက်ပိုင်းဒေသရှိနယ်ခြားပြဿနာနှင့်ပတ်သက်၍"၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၁၀ မေ ၁၉၉၂ ။

စစ်တပ်မှ ပစ်ခိုက်ကြောင်းဖြစ်သည်။ [၄၃]

အစိုးရသည် ၁၉၅၁ ခုနှစ်၊ မတ်လတွင် ရခိုင်ပြည်နယ် မြောက်ပိုင်း၌ မူဂျာဟစ်များကို စတင်ထိုးစစ်ဆင်ခဲ့သည်။ မူဂျာဟစ်များသည် အရှေ့ပါကစ္စတန် ( ဘင်္ဂလားဒေ့ရှ် ) ဘက်သို့ထွက်ပြေးဆုတ်ခွာခဲ့သည်။ မူဂျာဟစ်များသည် လူမျိုးရေးနှင့်ဘာသာရေးဆိုင်ရာ အဓိကရုဏ်းများစွာကို ဖန်တီးခဲ့ကြသည်။ ရခိုင်လူမျိုးများအား သတ်ဖြတ်နှိပ်စက်ခြင်း၊ ရခိုင်ရွာများအား ရွာလုံးကျွတ်တိုက်ခိုက်လုယက်၍ မီးရှို့ဖျက်ဆီးခြင်း၊ ဗုဒ္ဓဘာသာ ရခိုင်အမျိုးသမီးများအား မတရားကျင့်ကြံစော်ကားခြင်း၊ ဘုရားကျောင်းကန်များအား ဖျက်ဆီးခြင်းတို့ကိုလည်း ရက်စက်ကြမ်းတမ်းစွာပြုမူခဲ့ကြောင်း [၄၄] ရေးသားဖော်ပြကြသည်။

မူဂျာဟစ်များသည် အရှေ့ပါကစ္စတန်နှင့်ဆက်စပ်လျက်ရှိသော ဘူးသီးတောင်၊ မောင်းတော ဒေသကို သီးခြားမွတ်စလင်ပြည်နယ်အဖြစ် သတ်မှတ်ပေးရန်တောင်းဆိုခဲ့ကြသည်။ တနည်းအားဖြင့် ထိုစဉ်က မေယုခရိုင်ဟု ခေါ်ဆိုခဲ့သော ဒေသကိုတောင်းဆိုခြင်းဖြစ်သည်။ [၄၅]

၁၉၅၇ ခုနှစ်နှင့် ၁၉၆၂ ခုနှစ်အကြားတွင် မူဂျာဟစ်အများအပြားလက်နက်ချခဲ့ရာ ၁၉၆၃ ခုနှစ်တွင် ဇော်ဖေါ်၊ အကုဆိုဒ်ကဲ့နှင့် အဒူဇော်လီတို့ခေါင်းဆောင်သော အဖွဲ့သုံးဖွဲ့၊ စုစုပေါင်းအင်အား ၁၇၀ မျှသာကျန်ရှိခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံလွတ်မြောက်ရေးစစ်ပွဲ၌ မူဂျာဟစ်များ လက်နက်အများအပြားရရှိခဲ့ပြီး ဇော်ဖေါ်က မူဂျာဟစ်များကို ( ၁၅-၇-၇၂ ) ရက်နေ့တွင် ရိုဟင်ဂျာအမျိုးသားလွတ်မြောက်ရေးကြွေးကြော်သံဖြင့် စည်းရုံးဖွဲ့စည်းလာခဲ့သည်။ ထို့နောက်တွင် ရိုဟင်ဂျာအမည်ခံ မူဂျာဟစ်အတော်များများပေါ်ပေါက်လာခဲ့သော်လည်း ၎င်းတို့သည် ယခင် မူဂျာဟစ်လှုပ်ရှားမှုအဖွဲ့ဝင်များ တထူထောင်ခဲ့ကြသည့်အဖွဲ့အစည်းများသာဖြစ်ကြသည်။ [၄၆]

---

၄၃။ မိုက်မျှားချင်အောင်ကြီးဆောင်းပါး၊ UNDP. သတင်းလွှာ၊ ၉၂ ဖေဖော်ဝါရီ၊ စာ ၁၂

၄၄။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း (၂)၊ စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၀၊ စက်တင်ဘာ၊ စာ ၁၃၂

၄၅။ မြဝင်း၊ "မြန်မာနိုင်ငံနှင့် ပုန်တိုက်ပေးရေးလုပ်ငန်းကိုသုံးသပ်ပါလျှင်" (၂) လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၂၄ ဇန်နဝါရီ၊ ၁၉၉၂

၄၆။ ယင်း

ယနေ့ကာလတွင် ရိုဟင်ဂျာအမျိုးသားလွတ်မြောက်ရေးလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များမှာအထူးပင်များပြားလာခဲ့သည်။ ယင်းအဖွဲ့အစည်းများမှာ -

(၁) ရခိုင်ရိုဟင်ဂျာအစ္စလာမ်မစ်တပ်ဦး [၄၇]

(၂) ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေးအဖွဲ့ [၄၈]

(၃) ရိုဟင်ဂျာအစ္စလာမ်မစ်လွတ်မြောက်ရေးအဖွဲ့ [၄၉]

(၄) အာရကန်အီတီဟတ်ဒွတ်မူဂျာဟစ်ဒင် [၅၀]

(၅) ရိုဟင်ဂျာဂျမတ်တွတ်အူလမာဗဟို [၅၁]

(၆) ရိုဟင်ဂျာမျိုးချစ်တပ်ဦး [၅၂]

တို့ဖြစ်သည်။ အခြားမထင်မရှားအဖွဲ့အနည်းငယ်လည်းရှိသေးသည်။ ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့အစည်းများအထင်းအရှားအနက် AIRF နှင့် RSO တို့မှာအင်အားတောင့်တင်းသောအဖွဲ့များဖြစ်ကြသည်။

၎င်းအဖွဲ့အစည်းများအားလုံး၏တူညီသော ရည်ရွယ်ချက်ကား မိမိတို့ရိုဟင်ဂျာအမျိုးသားများလွတ်မြောက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိ ရေးအတွက်ဘာသာရေးစစ်ပွဲ (ဂျီဟတ်) [၅၃]ဆင်နွှဲရန်ဖြစ်သည်။ ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့အစည်းအများအပြားရှိနေသော်လည်းအဆိုပါအဖွဲ့များသည်အရှေ့ပါက်တိုင်းမြန်မာနယ်စပ်ရှိ၍ အော တစ်ပေါင်းစုအဖွဲ့ဝင်အဖြစ်ဝင်ခွင့်ရရှိ အောင်ကြိုးပမ်းခြင်း [၅၄] များရှိသော်လည်းရည်ရွယ်ချက်တူညီသော၊ လူမျိုးချင်းတူညီသော၊ နယ်မြေတစ်ခုတည်းအတူတကွနေထိုင်ကြသော၎င်းတို့အဖွဲ့အစည်းများညီညွတ်သော တစ်ပေါင်းတည်းတစ်ရပ်မဖွဲ့စည်းနိုင်ခြင်းမှာများစွာစဉ်းစားဖွယ်ရာပင်ဖြစ်သည်။

---

၄၇။ Arakan Rohingya Islamic Front

၄၈။ Rohingya Soliderity Organization

၄၉။ Rohingya Islamic Liberation Organization

၅၀။ Ittehadul Mujahedeen of Arakan

၅၁။ Central Rohingya Jamatul Ulama

၅၂။ Rohingya Patiotic Front

၅၃။ ဂျီဟတ် = HolyWar (ဤစစ်ပွဲမျိုးမှာအစ္စလာမ်ဘာသာသာသနာကာကွယ်ရေးနှင့်တည်ဆောက်ရေးအတွက်ဆင်နွှဲရသောစစ်ပွဲအမျိုးအစားဖြစ်သည်။ အစ္စလာမ်ဘာသာဝင်များအဖို့မိမိအသက်၊ ခန္ဓာနှင့်မနည်းဥစ္စာကိုပင်ကုန်သည်အထိ စစ်ပွဲမျိုးတွင်စွန့်လွှတ်ခြင်းကြောင့်ရရှိသောကုသိုလ်ကံကြီးကျယ်မြင့်မြတ်သောကုသိုလ်ဟူ၍ လောကနှင့်မရှိတော့ဟုယုံကြည်ကြသည်)

၅၄။ ၁၉၉၂ ဧပြီလအတွင်း CRJU, IMA, RILO နှင့် AIRF အဖွဲ့များအား၍ အော တစ်ပေါင်းစုမှအဖွဲ့ဝင်များအဖြစ်လက်မခံသော်လည်း စစ်မဟာမိတ်အဖြစ်အသိအမှတ်ပြုခဲ့သည်။ The Nation, 16 May 1992

၅။ ရိုဟင်ဂျာများသည်မြန်မာနိုင်ငံသားလူမျိုးနွယ်စုဟုတ်၊ မဟုတ်

ရိုဟင်ဂျာဟူသော ဝေါဟာရအငြင်းပွါးမှုပြဿနာ၊ ၎င်းတို့၏သမိုင်းအချက်အလက်များဆိုင်ရာပြဿနာနှင့်စပ်လျဉ်း၍ ရှုထောင့်မျိုးပုံမှတင်ပြချက်များ၊ ရိုဟင်ဂျာများအပေါ်ကွဲပြားနေသောအမြင်များ၊ ရိုဟင်ဂျာအမျိုးသားရေးအတွက် မြေပေါ်မြေအောက်နိုင်ငံရေးလှုပ်ရှားမှုများအားလက်လှမ်းမှီသ၍ စုစည်းတင်ပြမှုများမှာအထက်ပါအတိုင်းဖြစ်ပါသည်။ ထိုသို့ဖြစ်ရသောပြဿနာ၏အဓိကရှုပ်ထွေးမှုရှိနေသည်ကိုဖွမှာ နဝတစစ်အစိုးရ၏ မတရားလူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့အစုလိုက်အပြုံလိုက်ထွက်ပြေးသွားကြသည့်မူဆလင်ဒုက္ခသည်များမှာဘင်္ဂါလီလူမျိုးလော၊ ရိုဟင်ဂျာလူမျိုးလောဟူသည့်ပြဿနာဖြစ်၏။

မြန်မာစစ်အစိုးရကထွက်ပြေးသွားသူများသည်ဘင်္ဂါလီလူမျိုးများသာဖြစ်သည်ဟုအတိအလင်းထုတ်ဖော်ပြောဆိုနေချိန်တွင်ဘင်္ဂလားဒေ့ရှ်အစိုးရနှင့်ဒုက္ခသည်အချို့က ၎င်းတို့သည် ရှေးနှစ်ပေါင်းများစွာကပင်ရခိုင်ပြည်နယ်အတွင်း နေထိုင်လာခဲ့ကြသော ရိုဟင်ဂျာလူမျိုးများဖြစ်သည်ဟုဆိုနေပါသည်။ ရိုဟင်ဂျာများသည်မြန်မာနိုင်ငံသားလူမျိုးနွယ်စုဟုတ်၊ မဟုတ်ဟူသည့်အချက်ယက်ယခုလက်ရှိအခြေအနေတွင်ပိုမိုသေချာစွာပြောနိုင်သည်မှာ ဤစာတမ်းပါရိုဟင်ဂျာဟူသည့်ဝေါဟာရပြဿနာခေါင်းစဉ်ငယ်၌ဖော်ပြခဲ့သည့်အထောက်အထားများအရ မြန်မာပြည်နိုင်ငံရေးသမိုင်းတွင် ``ရိုဟင်ဂျာ``ဟူသည့်အမည်နာမအားတရားဝင်သုံးစွဲခဲ့သည်မှာအငြင်းမပွါးနိုင်သည့်အချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နေထိုင်သောတိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင်ရိုဟင်ဂျာလူမျိုးဟူ၍မရှိခဲ့ပါ။ သမိုင်းကြောင်းအရလည်းရိုဟင်ဂျာလူမျိုးဟုမရှိပါ။ ဟူ၍နဝတစစ်အစိုးရကမည်သို့ပင်ဆိုနေစေကာမူ ၎င်းတို့ကပင်တည်းဖြတ်ထုတ်ဝေသည့်လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ တနည်းဆိုရလျှင်နဝတအာဘော်သတင်းစာ[၅၅] တွင်အောက်

၅၅။ နဝတ၏ (၁-၁-၈၉) ရက်နေ့၊ ရက်စွဲပါစာအမှတ်၊ ၀၉၆(ထ)/၁-၁/နဝတဖြင့်အဖွဲ့ခေါင်းဆောင်ဦးကျော်ဆန်း (ယခင်လမ်းစဉ်လူငယ်ဗဟို၊ တွဲမှူး)၊ ဒု-အဖွဲ့ခေါင်းဆောင်ဗိုလ်မှူးကြီးအောင်သိန်း (ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓါတ်စစ်ဆင်ရေးညွှန်မှူး)၊ အဖွဲ့ဝင်များအဖြစ်ဦးသိန်းဖိန် (မြဝတီပုံနှိပ်တိုက်အမှုဆောင်အရာရှိချုပ်)၊ ဒုဗိုလ်မှူးကြီးရဲထွဋ် (စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူး)၊ ဒုဗိုလ်မှူးကြီးသန်းထွန်း (စစ်ထောက်လှမ်းရေးဒုညွှန်မှူး)တို့ပါဝင်သော သတင်းထုတ်ပြန်ရေးအဖွဲ့ကိုဖွဲ့စည်းပေးခဲ့သည်။ ယင်းနဝတသတင်းထုတ်ပြန်ရေးအဖွဲ့မှ ``ဆောင်းပါးစိစစ်ရေးအဖွဲ့``ကိုထပ်ဆင့်ဖွဲ့စည်းကာလုပ်သားသတင်းစာတွင်နေ့စဉ်ဖော်ပြမည့်ဆောင်းပါးစာမူများကိုယင်းအဖွဲ့ကစိစစ်ဖြီးမှထည့်သွင်းဖော်ပြရသည်။ နဝတအာဏာသိမ်းပြီးသည့်အချိန်မှ (၁၈-၉-၉၁) ရက်နေ့အထိ (၃) နှစ်အတွင်းဆောင်းပါးစာမူပေါင်း (၁၀၀၂) ပုဒ်ကိုစိစစ်ခဲ့သည်။
``နဝတသတင်းထုတ်ပြန်ရေးအဖွဲ့၏ဆောင်ရွက်ချက်များ``၊ တိုင်းကျိုးပြည်ပြုစာအုပ်၊ ရန်ကုန်၊ စာ ၁၀၃၊ ၁၀၇

ပါအတိုင်း ဖော်ပြထားသည်ကိုအံ့ဩဖွယ်ရာ တွေ့ရှိရပေသည်။

``တည်ဆဲ ၁၉၄၈ ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေတွင်မြန်မာနိုင်ငံတိုင်းရင်းသားတစ်မျိုးမျိုးဆိုသည်မှာ ကချင်၊ ကရင်၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ သို့တည်းမဟုတ် ရှမ်းလူမျိုးကိုလည်းကောင်း၊ ၁၈၂၃ ခုနှစ် (မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်) မတိုင်မီကာလမှစ၍ပြည်ထောင်စုတွင်ပါဝင်သော နယ်မြေတစ်ခုခုမှာမိမိတို့၏ပင်ရင်းတိုင်းပြည်အဖြစ်ဖြင့်အမြဲတမ်း နေထိုင်ခဲ့သောမျိုးနွယ်စုများကိုလည်းကောင်း၊ ဆိုလိုသည်။ တိုင်းရင်းသားဆိုသော ဝေါဟာရတွင်လူမျိုးနှင့်မျိုးနွယ်စုများ ပါဝင်သည့်ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်တို့မှာ ခိုင်မာနေပြီဖြစ် သောတိုင်းရင်းသားများဖြစ်ကြသည်။ ယင်းတို့၏မျိုးနွယ်စုများသည်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ကြသည့်မျိုးနွယ်စုများစာရင်းကိုသက်ဆိုင်ရာမှသုတေသနပြုပြီးဖြစ် သော ကြောင့်မျိုးနွယ်စုအမည်များကိုတိကျစွာ ဖော်ပြရန်အခက်အခဲရှိပါသည်။`` ၁၆

သို့ဖြစ်၍ နဝတစစ်အစိုးရ၏အာဏာပိုင်များကိုယ်နှိုက်ကပင်လျှင်မြန်မာပြည်တိုင်းရင်းသားလူမျိုးစုများစာရင်းနှင့်စပ်လျဉ်း၍ ဝိဝါဒကွဲပြားမှုများရှိနေကြောင်း ဖော်ညွှန်းနေပေသည်။ ရိုဟင်ဂျာပြဿနာ ပေါ်လာမှုအတိုင်းအ ဖောက်မညီဖြစ်လာသည်။ မြန်မာပြည်တွင်တိုင်းရင်းသားလူမျိုးစု (၁၃၅) မျိုးရှိကြောင်းစစ်အစိုးရအာဏာပိုင်များက ပြောနေချိန်တွင်အခြားတစ်ဖက်သုတေသီပညာရှင်အချို့ကလည်းမျိုးနွယ်စုစာရင်းကို သုတေသနပြုပြီးဖြစ် သောကြောင့်မျိုးနွယ်စုအမည်များကိုတိကျစွာ ဖော်ပြရန်အခက်အခဲရှိ ကြောင်းဆိုနေပြန်သဖြင့်၎င်းတို့အချင်းချင်းဝိရောဓိဖြစ် နေသည်မှာသံသယဖြစ်ဖွယ် မရှိချေ။

မြန်မာပြည်အတွင်းမှီတင်း နေထိုင်ကြ သောတိုင်းရင်းသားလူမျိုးနွယ်စုများ စာရင်းမှာ (၁၃၅) မျိုးဖြစ် ကြောင်း အတည်ပြုနိုင်သည်ဟုဆို စေကာမူထိုစာရင်းအား ယခင်ကာလများကလူသိရှင်ကြားတရားဝင်ထုတ်ပြန် ကြေညာ ခြင်းမရှိခဲ့သည်မှာများ စွာစဉ်းစားဖွယ်ရာပင်ဖြစ်ပါသည်။ ထို့ကြောင့်ယနေ့ကာလ ရိုဟင်ဂျာပြဿနာပေါ် ပေါက်လာမှ၍ စာရင်းကိုပြည်သူလူထုအားက မျှော သော ပါးဖတ်ပြ နေခြင်းမှာလည်း ယုတ္တိတန်သည်ဟုမဆိုနိုင် ချေ။

နဝတစစ်အစိုးရ၏တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးစာရင်းသည်မည်သည့် အတိုင်းအတာအထိလက်ခံအတည်ပြု၍ ရနိုင်၊ မရနိုင်ဟူသည့်အချက်မှာလည်းမ ရေရာလှ သည့်ပြဿနာတစ်ရပ်ပင်ဖြစ်ပါသည်။ ၁၉၁၇ ခု၊ မြန်မာပြည်လူမျိုးစုများ ရေးရာ စစ်တမ်းနှင့်ဘာသာစကားအရ ၁၇ လူမျိုးစုကြီး ပေါင်း (၁၁) မျိုး၊ ဘာသာစကား

၁၆။ မျိုးချစ်သူ၊ အမျိုးပျောက်မှာစိုး ကြောက်လှပါသည် (က)၊ လုပ်သားပြည်သူ့နေ့စဉ် စဉ်သတင်းစာ၊ ၃ ဇွန် ၁၉၈၉

၁၇။ THE ETHNOLOGICAL SURVEY OF BURMA 1917

ဝယ်ပေါင်း (၁၃၁) ခုရှိပြီးလူမျိုးနွယ်အားဖြင့် (၅၅) မျိုးရှိသည်။ [၅၇] ဟုဆိုပါသည်။ တဖန် ၁၉၆၇ ခုနှစ် သန်းခေါင်စာရင်းအရမြန်မာပြည်လူဦးရေ (၂၆) သန်း လူမျိုးစု (၇၀)၊ ၁၉၇၃ ခုနှစ်သန်းခေါင်စာရင်း ကောက်ယူရေး ကြေငြာချက်ထုတ် ဆော်ရာတွင်လူမျိုးစုဦးရေ (၂၉) မျိုး၊ လူမျိုးစုစာရင်း ဖော်ပြခဲ့ပါသည်။ [၅၈] ယခု တဖန်နဝတစစ်အစိုးရကလည်းလူမျိုးစု (၁၃၅) စုစာရင်းကိုဖတ်ပြနေပြန်ပါသည်။

အထက်ပါအချက်အလက်များအရပင်လျှင်တစ်ကြိမ်နှင့်တစ်ကြိမ်၊ လူမျိုးစုစာရင်း တစ်ခုနှင့်တစ်ခုကွာဟမှုကြီးမားနေခြင်းကမြန်မာပြည်လူမျိုးစုစာရင်းအားအတည် ပြု၍မရနိုင်သေးကြောင်းရှင်းလင်းစွာပြဆိုနေပါသည်။ ထို့ကြောင့်နဝတစစ်အစိုးရ၏လူမျိုးစု (၁၃၅) စုစာရင်းတ [၅၉] အားမည်မျှခိုင်မာမှုရှိသည်ဟူသည့်အချက်မှာ စောဒက တက်စရာဖြစ်လာပါသည်။ ဥပမာ- နဝတစာရင်းတွင်တိုင်းရင်းသားလူမျိုး (၈) ခု၊ လူမျိုးနွယ်အားဖြင့် (၁၃၅) မျိုးဟု ဖော်ပြထားရာ၌ ချင်းလူမျိုးအစုတစ်ခုတည်း မှာပင်မျိုးနွယ်စု (၅၃) စုရှိပြီး၄င်းအထဲမှနာဂမျိုးနွယ်စုမှာတစ်ခုသာ ဖော်ပြထား ခြင်းသည်များစွာသံသယဖြစ်ဖွယ်ရှိသည်။ မြန်မာပြည်သူလူထုကြီးနှင့်ရင်းနှီးမှုရှိနေ သည်မှာ နာဂလူမျိုးတစ်မျိုးတည်း၌ပင် ဂိုဇန်နာဂ၊ နောင်အောင်နာဂ၊ လိုနောင် နာဂ၊ လိုင်မြေနာဂ၊ ဖိန်တူးနာဂ စသည်ဖြင့်အမျိုးမျိုးရှိကြောင်းပင်ဖြစ်သည်။ ထို့ ကြောင့်သမိုင်းသုတေသီပညာရှင်များအနေနှင့်ယတိပြတ်အတည်ပြုချက် ပေးနိုင်သည့် "မြန်မာပြည်တိုင်းရင်းသားလူမျိုးစုများစာရင်း" တစ်စောင်ပြုစုရန်လိုအပ်နေ ကြောင်းခိုင်မာမှုမရှိသည့်ပစ္စုပ္ပန်လူမျိုးစုရေးရာစာရင်းဇယားများက တောင်းဆို နေပေသည်။

သို့ဖြစ်၍အထက်ကတင်ပြချက်များအရဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့အစုလိုက် အပြုံလိုက်ထွက် ပြေးသွားကြသည့်မူဆလင်ဒုက္ခသည်များသည်မြန်မာနိုင်ငံသားများဖြစ်၊ မဖြစ်၊ ရိုဟင်ဂျာလူမျိုးနွယ်စုများဟုတ်၊ မဟုတ်ဟူသည့်အချက်မှာသမိုင်းကြောင်းဆိုင် ရာပြဿနာဖြစ်၍ယင်းအချက်ကိုသမိုင်းသုတေသီပညာရှင်များကသာလျှင်အတည်ပြုချက် ပေးနိုင်လိမ့်မည်သာဖြစ်ပေသည်။

---

၅၇။ ဗိုမှုရ သခင်ချစ်မောင်၊ "ရှမ်းမှုနှင့်ပြည်ထောင်စုနောင်ရေး"၊ ရန်ကုန်၊ ပေါ့ဝ တော့စာ ပေဖြန့်ချိရေး၊ ၁၉၆၂ မတ်လ ၊ ပ၁၄

၅၈။ မောင်မောင်ကြီး (မန်း)၊ မြန်မာနိုင်ငံသားဥပဒေမူကြမ်းပြုစုရေးအဖွဲ့ သို့တင်ပြသည့်အကြံပြုလွှာစာတမ်း ၊ (လက်နှိပ်စက်မူ)၊ စာ ၆

၅၉။ နဝတစစ်အစိုးရ၏တိုင်းရင်းသားလူမျိုးစု (၁၃၅) စုစာရင်းကို၊ မကဒတ၊ သုတေသနဌာနခွဲမှပြုစုသည့် (၃၀-၃-၉၂) ရက်စွဲပါ၊ "ဝင်အစိုးရ၄ပြုလုပ် မည့်အတုအယောင်အမျိုးသားညီလာခံအားဆွေးလာချက်စာတမ်း"၊ နောက် ဆက်တွဲ (က) တွင်အပြည့်အစုံဖော်ပြထားပါသည်။

## အပိုင်း (၂)

### ''မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်ဝင်ဒုက္ခသည်များပြဿနာ''

၁၉၉၁ ခုနှစ် နှောင်းပိုင်း လောက်မှ စ၍ စစ်အစိုးရ၏ မတရားလူ့အခွင့်အရေးချိုးဖောက်မှုများ ကြောင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်နှင့် မောင်းတော မြို့နယ်များမှ မူဆလင်ဒုက္ခသည်အများအပြားဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့အုပ်လိုက် အပြုံလိုက်ထွက် ပြေးသွားခဲ့ကြသည်။ ၎င်းကိစ္စသတင်းဖြစ်ပွားပြီး စဉ်ကတဖက်နိုင်ငံသို့ထွက် ပြေးမှုမှာအနည်းအကျဉ်းမျှသာဖြစ် သော ကြောင့်လူအသိနည်းခဲ့ သော်လည်း ၉၂ ခုအစော ပိုင်းအချိန်များ၌မူတစ် နေ့လျှင်လူ ၅၀၀၀-၆၀၀၀ ခန့် လောက်ထွက် ပြေးခဲ့ကြ သည်မှ စ၍မြန်မာပြည်လူဦး ရေလျှံထွက်မှုကြီးမှာ နိုင်ငံတကာအလယ်တွင်မဖုံးနိုင်မဖိ နိုင်ဖြစ်ခဲ့ရသည်။ ၎င်းပြဿနာအား နဝတစစ်အစိုးရက ''၎င်းကိစ္စသည်ဘင်္ဂလားဒေ့ရှ် ဘက်သို့ဝင် ရောက်သွားခဲ့ကြ သောသူအချို့၏လူဝင်မှုကြီးကြပ် ရေးကိစ္စသာဖြစ်သည်'' ဟု၍ နိုင်ငံတကာသို့တုန့်ပြန် ပြောဆိုခဲ့ သော်လည်းနိုင်ငံတကာကမူ၎င်းပြဿနာသည်စစ် အစိုးရ၏ မတရားဖိနှိပ်ညှင်းပန်းမှု၊ လူ့အခွင့်အ ရေးများချိုး ဖောက်ခံရမှုပြဿနာ ဖြစ်ကြောင်း နားလည်ခဲ့ကြသည်။

ထိုသို့ သောဖြစ်ရပ်မျိုးမှာ ပစ္စုပ္ပန်ကာလတွင်သာမဟုတ်၊ ၁၉၇၈ ခုနှစ်က လည်း အလားတူဖြစ်ရပ်မျိုး ပေါ် ပေါက်ခဲ့သည်။ ၁၉၇၈ ခုနှစ်အတွင်း နေဝင်းစစ် အစိုးရ၏ ''နဂါးမင်းစစ်ဆင်ရေး'' ကြောင့်ဘူးသီး တောင်၊ မောင်း တောဒေ သမှ မူဆလင်ဒုက္ခသည်အများအပြားဘင်္ဂလားဒေ့ရှ်နိုင်ငံပတွင်းသို့အုပ်လိုက်အပြုံလိုက် ထွက် ပြေးသွားခဲ့ကြရသည်။ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတာဝန်ရှိသူများ ဒက္ကာမြို့တွင်ညှိနှိုင်း ဆွေး နွေးမှု၏သ ဘောတူညီချက်အရ ''ဟသာ့ဒ်ပဋိချက်'' ဖြင့် (၂၉-၁၂-၇၉) ရက် နေ့အထိဒုက္ခသည် ပေါင်း (၁၈၆၉၆၈) ဦးကိုပြန်လည်လက် ခံခဲ့သည်။ ထိုစဉ်က နဂါးမင်းစစ်ဆင် ရေးအရထွက် ပြေးသွားသူမှာ (၁၅၆၆၃၀) ဦးရှိ သော်လည်းမြန်မာစစ်အစိုးရက (၃၀၃၃၈) ဦးကိုပိုမိုလက်ခံခဲ့ရသည်ဟုဆိုသည်။[၆၁]

ရခိုင်ပြည်နယ်၌အစ္စလာမ်ဘာသာဝင်အများစုသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှင့်ဆက်စပ် နေသည့်မြို့နယ်နှစ်ခုဖြစ် သောဘူးသီး တောင်နှင့် မောင်း တောမြို့နယ် များတွင် နေထိုင်ကြသည်။ ၎င်းမြို့နယ်နှစ်ခုရှိအစ္စလာမ်ဘာသာဝင်များ၏ နေထိုင်မှု အနံအထားမှာဘူးသီး တောင်မြို့နယ်တွင် ၈၉ ရာခိုင်နှုန်းနှင့် မောင်း တောမြို့

၆၁။ မြဝင်း၊ ''မြန်မာနိုင်ငံနှင့်ရန်တိုက် ပေး ရေးလုပ်ငန်းကိုဆိုးသစ်ပါလျှင်'' လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၂၄ ဇန်နဝါရီ ၁၉၉၂ ။

နယ်တွင် ၆၂ ရာခိုင်နှုန်းဖြစ်သည်။ အခြားမြို့နယ် ၁၅ မြို့နယ်တွင်မူ ၁၀ ရာခိုင်နှုန်းအထက်၌ရှိသည်။ စစ်တွေမြို့နယ်တွင် ၁၉ ရာခိုင်နှုန်းဖြစ်ပြီး၊ ရသေ့တောင်မြို့နယ်တွင်လည်း ၁၉ ရာခိုင်နှုန်းဖြစ်ကြောင်း ရေးသားသည်ကိုလည်း တွေ့ရသည်။[၆၂]

ယခုအကြိမ်တွင်လည်း ၁၉၇၈ ခုနှစ်ကကဲ့သို့ပင်ဘူးသီးတောင်နှင့် မောင်းတောမြို့နယ်များမှဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့အဝလိုက်အပြုံလိုက်ထွက် ပြေးသွား ခဲ့ကြပြန်ရာ (၁၀-၅-၉၂) ရက် နေ့အထိဒုက္ခသည် ပေါင်းမှာ (၂၄၀၀၀၀) ဖြစ်ကြောင်းနိုင်ငံတကာအသိုင်းအဝိုင်းကဆိုကြ သော်လည်းနဝတစစ်အစိုးရကမူ ၁၉၉၂ ခုမတ်လပထမပတ်စာရင်းအရ (၁၃၅၅၅)[၆၃] ဦးသာဖြစ် ကြောင်းနှင့်၎င်းကဲ့သို့လျော့နည်းသွားသည့်လူဦး ရေမှာလည်းတစ်ဖက်နိုင်ငံသို့အခါအား လျော်စွာကူးသန်းသွားလာသူများရှိသလို၊ မြန်မာနိုင်ငံအတွင်းအခြား ဒေသများသို့သွား ရောက် နေသူများလည်းဖြစ်နိုင် ကြောင်းအခိုင်အမာ ပြောဆို ရေးသား နေ လေသည်။ အထူးသဖြင့်စစ်အစိုးရသည်ဘင်္ဂလား ဒေ့ရှ်နိုင်ငံ ဖက်သို့ထွက် ပြေးသွားကြသူများမှာ၎င်းနိုင်ငံမှပင်တရားမဝင်လာ ရောက် နေထိုင်ကြသူများသာ ကြောင်းသဘော/ပိုမို ခိုင်မာ စေရေးအတွက်နဝတသတင်းစာနှင့်ရုပ်သံလွှင့်ဌာနများမှတဆင့်အချက်အလက်အကိုးအကားများဖြင့် ရေးသား ဖော်ပြ၊ ထုတ်လွှင့် နေသည်ကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရသည်။

> ``၁၈၂၄ ခု နောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ အင်္ဂလိပ်လက် အောက်ကျရောက်ခဲ့သည့်အချိန်မှစ၍ဘင်္ဂါလီလူမျိုးများသည်ဘင်္ဂလားနယ်မှ ရခိုင်ပြည်နယ်အတွင်းအတားအဆီးမရှိဝင် ရောက် ခဲ့ကြသည်။ အထူးသဖြင့် ၁၈၉၉ ခုနှစ်ဝူးအက်တူးမြောင်းဖွင့်လှစ်ပြီး နောက်မြန်မာနိုင်ငံမှ စပါးအ မြောက်အမြားထုတ်လုပ်တင်ပို့ရန်လုပ်အားလိုအပ်လာ ရာဘင်္ဂါလီလူမျိုးများသည်လယ်ယာလုပ်သားများအဖြစ်အ မြောက်အမြားဝင် ရောက်လာ ခဲ့သည်။ ၁၉၇၁ ခုနှစ်ဘင်္ဂလား ဒေ့ရှ်လွတ် မြောက် ရေးစစ်ပွဲကာလတွင်လည်းစစ် ပြေးဒုက္ခသည်များအဖြစ်အ မြောက်အများဝင် ရောက်လာ ခဲ့ကြပါသည်။ ၁၉၇၃ ခုနှစ်သန်း ခေါင်စာရင်းအရစစ် တွေနှင့်ဘင်္ဂလား ဒေ့ရှ်နယ်စပ်မြို့များဖြစ် သောဘူးသီး တောင်နှင့်မောင်းတောမြို့များတွင်လူဦး ရေတိုးနှုန်းမှာ၊ ရခိုင်ပြည်နယ်၏ ပျမ်းမျှလူဦး ရေတိုးနှုန်း ၁.၃၂ ရာခိုင်နှုန်းထက်များစွာပိုမို၍ ၃.၂၈/၂.၂၄/၂.၃၅ ရာခိုင်နှုန်းများရှိ နေ ကြောင်း တွေ့ရပါသည်။ ၎င်းအချက်ကတရားမဝင်ခိုးဝင်လာသူများပြားလာ ကြောင်း ဖော်ပြ သောအညွှန်းကိန်းပင်ဖြစ်သည်။ ပိုမိုအစွန်းအဖျားကျ သောနယ်စပ်ဒေသများတွင်မူလူဦး ရေတိုးနှုန်းမှာ ၅.၁၄ မှ ၈.၅၂ ရာခိုင်နှုန်းအထိပင်မြင့်မား နေ ကြောင်း တွေ့ရသည်။ ၎င်းမျှတိုးနှုန်းမြင့်မား နေမှုမှာသဘာဝအ လျောက်တိုးပွားလာခြင်းမဖြစ်နိုင်ကြောင်းစဉ်းစားတတ်သူတိုင်းသိနိုင်သည်။ ၁၉၇၈ ခုနှစ်၌နဂါးမင်းစီမံချက်ဖြင့်လူ

---

၆၂။ မြဝင်း၊ ``မြန်မာနိုင်ငံနှင့်ရန်တိုက်ပေး ရေးလုပ်ငန်းကိုထုံးသစ်ပါလျှင်``၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၂၄ ဇန်နဝါရီ ၁၉၉၂

၆၃။ မြဝင်း၊ ``ဘင်္ဂလား ဒေ့ရှ်ဒုက္ခသည်ပြဿနာဆိုတာတကယ် တော့ဒီလိုပါ``၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၂၁ မတ် ၁၉၉၂

ဦးရေဝါရင်းဖွယ်ဘွားများ ကောက်ယူရာတွင် ခိုးဝင်လာသူများပြန်ပြေးသွားကြသည် ''၆၄

၁၉၈၃ ခုနှစ်မှ ၁၉၉၁ ခုနှစ်အကြား၊ ဘူးသီးတောင်၊ မောင်းတောမြို့နယ်များတွင်လူဦးရေတိုးနှုန်းကို လေ့လာပါလျှင်ဘင်္ဂါလီလူမျိုးများ၏ တိုးနှုန်းမှာ ၁၂.၁ နှင့် ၃.၃ ရာခိုင်နှုန်းအသီးသီးရှိကြပြီး ရခိုင်တိုင်းရင်းသားများ၏တိုးနှုန်းမှာ ၁၁.၂ နှင့် ၀.၈ ရာခိုင်နှုန်းရှိသည်။ ၎င်းအချက်ကဘင်္ဂါလီလူမျိုးများတရားမဝင်ခိုးဝင်လာမှုများရှိနေသဖြင့်ဖြစ်ပြီး မောင်းတောမြို့နယ်တွင်ရခိုင်တိုင်းရင်းသားဦးရေမှာ ၁၆၇၈၄ မှ ၁၅၅၉၄ အထိ လျော့ကျသွားသည်ကို ထောက်ခြင်းဖြင့်ရခိုင်တိုင်းရင်းသားများမောင်းတောမြို့နယ်ကိုစွန့်ခွာသွားကြောင်း ပေါ်ပြလျက်ရှိသည်။ ဘင်္ဂါလီလူမျိုးများ အနေဖြင့်၎င်းနှုန်းအတိုင်းဆက်လက်၍ ဝင်ရောက်နေမည်ဆိုပါက ရခိုင်လူမျိုးများ၏တိုးနှုန်းထက်နှစ်ဆ ကျော်များပြား နေသဖြင့်ကြာလာလျှင်လူမျိုး၍လူမျိုးပြုတ်သွားနိုင်သည့်အ နေအထား ရှိနေသည်။ ရိုဟင်ဂျာ ခေါင်းဆောင်သူများအနေဖြင့်ယခုကပင်လျှင်ရခိုင်ပြည်နယ်၌လူဦးရေ ၄.၂ သန်းရှိသည့်အနက် (၃) သန်းမှာမူဆလင်များဖြစ်သည်။ ၎င်းတို့အထဲတွင် ၁.၂ သန်းမှာ ၁၉၄၂ ခုနှစ်မှ စ၍ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ပြေးခိုလှုံနေကြသူများဖြစ်သည်။ ဝင်ဝင်၌ (၄-၆-၉၁) ရက် နေ့လူဝင်မှုကြီးကြပ်ရေးဌာနအတည်ပြုဝါရင်း အရ ၃၃ ပေါင်းလူဦးရေ (၂၂၅၆၀၂၁) ရှိသည့်အနက်ဘင်္ဂါလီလူဦးရေမှာ (၆၉၃၄၅၉)သာရှိသည် ''၆၅။

အချို့လေ့လာသူများကလည်း၁၉၄၁ ခုနှစ်လူဦးရေဝါရင်းနှင့်၁၉၇၁ ခုနှစ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၏အိမ်ထောင်စုဝါရင်းများ အရရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်နှင့်ဘူးသီးတောင်မြို့နယ်လူဦးရေဝါရင်း များကိုနှိုင်းယှဉ်လေ့လာနိုင်ရန် အောက်ပါအတိုင်း ရေးသားတင်ပြကြသည်။

| မောင်းတော | | | ဘူးသီးတောင် | |
|---|---|---|---|---|
| ခုနှစ် | ရခိုင်တိုင်းရင်းသားလူမျိုး | မူဆလင် | ရခိုင်တိုင်းရင်းသားလူမျိုး | မူဆလင် |
| ၁၉၄၁ | ၄၁ ၄၈၃ | ၁၂၄ ၄၅၂ | ၃၈၀ ၈၄ | ၇၀ ၇၂၆ |
| ၁၉၇၁ | ၁၂ ၄၂၇ | ၂၀၅ ၇၇၇ | ၁၇၄ ၂၅ | ၁၃၉ ၆၈၆. |

ပေါ်ပြပါဇယားတွင်နှစ် ပေါင်း ၃၀အတွင်း မောင်းတောမြို့နယ်တွင်ရခိုင်တိုင်းရင်းသားလူမျိုးများဦးရေသည် ၄၁၄၈၃ ရှိရာမှ ၁၂၄၂၇ သို့သိသိသာသာ လျော့ကျသွားပြီးတစ်ဖက်တွင်မူ၊ မူဆလင်ဦးရေသည် ၁၂၄၄၅၂ မှ ၂၀၅၇၇၇ သို့နှစ်ဆနီးနီးတိုးလာသည်ကို တွေ့ရမည်ဖြစ်သည်။ အလားတူပင်ဘူးသီးတောင်မြို့နယ်တွင်

---

၆၄။ ဝင်းသူအောင်၊ ''ရိုဟင်ဂျာလွတ် မြောက်ရေးနှင့်ဒုက္ခသည်ပြဿနာဆိုသည်မှာ''၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၈ ဖေဖော်ဝါရီ ၁၉၉၂

၆၅။ ယင်း

ရခိုင်တိုင်းရင်းသားလူမျိုးများဦးရေသည် ၃၇၀၀၇၄ ရှိရာမှ ၁၇၄၂၅ သို့ ထက်ဝက်မက လျော့ကျသွားပြီးတစ်ဖက်တွင်မူ၊ မူဆလင်ဦးရေသည် ၇၀၇၂၆ မှ ၁၃၉၆၇၆ သို့နှစ်ဆနီးပါးခန့်မြင့်တက်လာသည်ကို တွေ့ရသည်ဟုဆိုသည်။[၆၆]

အချိန်ကလည်း လူဝင်မှုကြီးကြပ်ရေးဌာန၏ (၄-၆-၉၁) စာရင်းအရ ရခိုင်ပြည်နယ် (၁၇) မြို့နယ်အတွင်းလူဦးရေစာရင်းမှာ ရခိုင်တိုင်းရင်းသား ၁.၅ သန်းမျှရှိပြီးဘင်္ဂါလီ ခုနစ်သိန်းရှိသည်။ ဘာသာအားဖြင့်ဗုဒ္ဓဘာသာ ၆၄.၀၅ ရာခိုင်နှုန်း၊ အစ္စလာမ် ၃၀.၇၃ ရာခိုင်နှုန်းနှင့်အခြား (ခရစ်ယာန်၊ ဟိန္ဒူ၊ နတ်ကိုးကွယ်သူ) ၅.၁ ရာခိုင်နှုန်းဖြစ်သည်[၆၇]ဟုလည်း ရေးသားဖော်ပြကြသည်။

နဝတခေတ်အစိုးရ၏အာဘော်ကိုအနှစ်ချုပ်လိုက်ပါက ရိုဟင်ဂျာဟု ခေါ်နေကြသောသူများသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဘင်္ဂါလီလူမျိုးများသာဖြစ်ပြီး ၎င်းတို့သည်မြန်မာအင်္ဂလိပ်ပထမစစ်ပွဲပြီးကတည်းကယနေ့ကာလအထိဘူးသီးတောင်နှင့် မောင်းတော နယ်များသို့တရားမဝင်ခိုးဝင်လာသူများသာဖြစ်ကြောင်း တွေ့ရပေမည်။ သို့ဖြစ်၍ လည်းမြန်မာပြည်တစ်ဝှမ်းလုံးရှိလူဝင်မှုကြီးကြပ်ရေးဌာနရုံးများတွင်စာလုံးကြီးများ ဖြင့် ရေးထိုးထားသော ``မြေမျို၍လူမျိုးမပြုတ်၊ လူမျိုးမှလူမျိုးပြုတ်မည်``ဟူသည့်ဆိုင်း ဘုတ်ကြီးများသည်ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများသို့ရည်ညွှန်းနေသည်မှာထင်ရှားလှ ပေသည်။

အထက်က ရေးသား ဖော်ပြချက်များသည်စိတ်ဝင်စားဖွယ်ရာအချက်အလက် များဖြစ်သော်လည်းယင်းကိန်းဂဏန်းများမည်သည့်အတိုင်းအတာအထိမှန်ကန်ကြောင်း ကိုမူအတည်ပြုနိုင်ရန်ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် နေဝင်းကြီးစိုးခဲ့သည့် ၂၆နှစ်အတွင်းအုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆိုင်ရာအချက်အလက်များတွင်မသမာမှုများကြီးမားစွာအထင်အရှားရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့အစည်းအချို့က ရခိုင်ပြည်နယ်တွင်လူဦးရေ (၄.၂) သန်းရှိပြီး (၃) သန်းမှာမူဆလင်များဖြစ်သည်ဟုဆိုသည်။ နဝတစစ်အစိုးရကမူ၊ (၄-၆-၉၁) ရက်နေ့လူဝင်မှုကြီးကြပ်ရေးဌာန၏အတည်ပြုချက်အရ ရခိုင်ပြည်နယ် တွင်လူဦးရေ (၂.၂) သန်းရှိပြီး (၇) သိန်းမှာဘင်္ဂါလီများဖြစ်သည်ဟုဆိုသည်။ ယင်း ကိန်းဂဏန်းများကွာဟချက်ကြီးမားမှုသည်လည်းစဉ်းစားဖွယ်ရာအချက်ဖြစ်သည်။

သို့သော်လည်းတဖက်နိုင်ငံမှလူများတရားမဝင်လာရောက်နေထိုင်မှုရှိခဲ့ သည်မှာအတိုင်းအတာတစ်ခုအထိလက်ခံနိုင်ဖွယ်ရာဖြစ်သည်။ သို့သော်အထက်တွင်ဖော်

---

၆၆။ မျိုးချစ်သူ၊ ``မည်သူတရားပျက်ပျက်ဒို့မပျက်``၊ လုပ်သားပြည်သူ့နေ့စဉ်သတင်း ၀၁၊ ၃ မတ် ၁၉၉၂

၆၇။ မြဝင်း၊ ``မြန်မာနိုင်ငံနှင့်ရန်တိုက်ပေးရေးလုပ်ငန်းကိုတိုးသစ်ယိမ်းချင်၏`` လုပ်သားပြည်သူ့နေ့စဉ်သတင်း ၁၁၊ ၂၄ ဇန်နဝါရီ၊ ၁၉၉၂။

ပြုချက်များ လုံးဝမှန်ကန်ခဲ့သည်ဆိုလျှင်ပင် ၎င်းတို့ သောအတိုင်းအတာအထိလည်း ရေအများ အပြားတရားမဝင်လာရောက်ခဲ့ခြင်းအပေါ် ထိန်းချုပ်ခဲ့ခြင်းမရှိသည့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ လူဝင်မှုကြီးကြပ်ရေးဌာနများ၏တာဝန် ပေါ့လျော့မှု (သို့မဟုတ်) လာဘ်စားမှု ကြောင့်ဖြစ် ကြောင်းမှာလည်း သံသယဖြစ်ဖွယ်မရှိချေ။ ထိုသို့ သောအစုလိုက်အပြုံလိုက်ထွက် ပြေးကြ သော ဒုက္ခသည်များပြဿနာသည် ပထမအကြိမ်ဖြစ်ပွါးခဲ့သည့် ၁၉၇၈ ခုနှစ်နှင့် ဒုတိယအကြိမ်ဖြစ်ပွါးခဲ့သည့် ၁၉၉၂ ခုနှစ်အထိ (၁၄) နှစ်ကွာခြားခဲ့ပါသည်။ ဤမျှအချိန်ကြာမြင့် သောကာလအတောအတွင်း ၁၉၇၈ ခုနှစ်ကကဲ့သို့အဖြစ်မျိုး နောက်တစ်ကြိမ်မဖြစ်ပွါးရန် လုပ်ဆောင်ခြင်းမရှိခဲ့သည်မှာလည်း များစွာအံ့ဩစရာ ကောင်းလှပေသည်။

## ၆။ ဒုက္ခသည်များအ ခြေအနေ

ဒုက္ခသည်အများစုမှာ ဘူးသီးတောင်နှင့် မောင်းတောမြို့နယ်များမှဖြစ်ပြီး ရသေ့တောင်နှင့် စစ်တွေမြို့နယ်များမှလည်း ပါရှိသည်။ ဒုက္ခသည်အချို့မှာ တစ်လ ခန့်နှင့်မြန်မာနှစ်နိုင်ငံနယ်ခြားအဖြစ်သတ်မှတ်ထား သောနတ်မြစ်ကို လှေဖြင့်ဖြတ်ကျော်၍ထွက် ပြေးလာသူများဖြစ်သကဲ့သို့အချို့မှာလည်း တော တောင်ထူထပ် သော တောင်တန်းများကိုဖြတ် ကျော်ကာ (၁၀) ရက် လောက်အထိလမ်း လျှောက်ပြီးထွက် ပြေးလာခဲ့ကြရသည်ဟုဆို၏။ ဒုက္ခသည်များစတင် ရောက်ရှိစဉ်ကာလကသစ်ခက်၊ သစ်ရွက်များဖြင့်ယာယီတဲများထိုးပြီး နေခဲ့ကြရ သော်လည်းယခုအခါပြည်ပအလှူရှင်အဖွဲ့အစည်းများ၊ ဒုက္ခသည်ကယ်ဆယ် ရေးအဖွဲ့များ၏ကူညီ ထောက်ပံ့မှု ကြောင့်အချို့မှာရွက်ဖျင်တဲများရရှိ နေကြပြီဖြစ်သည်။ သို့ သော်လည်းဒုက္ခသည် သုံးပုံတစ်ပုံမှာအမိုးအကာများလုံ လောက်မှုမရှိသေး ချေ။ ဒုက္ခသည် လေးပုံသုံးပုံမှာလည်းအဟာရချို့တဲ့ နေကြပြီး ၆%  လောက်မှာအဟာရချို့တဲ့မှုကိုခံစား နေကြရ ကြောင်းစာနယ်ဇင်းများက ဖော်ပြကြသည်။

၁၉၉၂ ခုနှစ်ဧပြီလ (၂၅) ရက် နေ့အထိ၊ ဒုက္ခသည်ကယ်ဆယ် ရေး စခန်း (၁၁) ခု၌ လူဦး ရေ ပေါင်းမှာ (၁၉၁ ၀၀၀) ဖြစ် ကြောင်းဒုက္ခသည်များ ကယ်ဆယ် ရေး ကော်မရှင်ရုံး ၏စာရင်း [၆၀] တွင် ဖော်ပြထား ကြောင်း တွေ့ရသည်။

(1) Dechau Palong 1 - 4,677
(2) Dechau Palong 2 - 25,179
(3) Dhau Palong - 17,219

---

၆၀။ Thomas Steinbugler , Jan Stuyt , Alan Nichols | MISSION TO BANGLADESH, Jesuit Refugee Service , May 1992 , p 11

| | | |
|---|---|---|
| (4) Maricha Palong | - | 11,196 |
| (5) Haludia Palong | - | 7,523 |
| (6) Kutu Palong | - | 12,700 |
| (7) BaluKhali 1 | - | 20,708 |
| (8) BaluKhali 2 | - | 11,028 |
| (9) Dumdumia 1 | - | 60,558 |
| (10) Dumdumia 2 | - | 10,000 |
| (11) Baikhon Chapi | - | 10,436 |
| Total | - | 191,000 |

ဒုက္ခသည်များကိုယ်တိုင် ပြောဆိုချက်အရ လူအခွင့်အရေးချိုးဖောက်ခံရသူများ

| | | |
|---|---|---|
| (က) သွင်းပန်းနှိပ်စက်ခံရသူ | - | ၁၉၇၃ ဦး |
| (ခ) အဓမ္မပြုကျင့်ခံရသူအမျိုးသမီး | - | ၁၆၉ ဦး |
| (ဂ) နေရင်းဒေသတွင်ပျောက်ဆုံး | - | ၁၀၁ ဦး |
| (ဃ) အသက်ဆုံးရှုံးရသူ | - | ၇၀၉ ဦး |

ဒုက္ခသည်စခန်းများသို့ ရောက်ရှိပြီးအချိန်မှစ၍ မွေးဖွားသူ / သေဆုံးမှု

| | | |
|---|---|---|
| (က) သေဆုံးသူ ပေါင်း | - | ၄၁၉ ဦး |
| (ခ) မွေးဖွားသူ ပေါင်း | - | ၆၈၉ ဦး |
| (ဂ) ကျန်းမာရေးဆေးခန်း - များသို့လာရောက်ပြသသူ | - | ၁၆၃၈၆၆ ဦး |

* ဧပြီလ ( ၂၆ ) ရက်နေ့အထိ ဒုက္ခသည်ဦးရေစုစုပေါင်းမှာ ၂၄၃ ၀၀၀ ဦးဖြစ်သည်။

၇။ နိုင်ငံတကာ၏ ဖိအားပေးမှုများ

အလုံးအရင်းနှင့်လူဦးရေ ဖားဆင်းမှုကြီးဖြစ်ပွားနေသောအချိန်၊ ၁၉၉၂ ခုမတ်လ ( ၆ ) ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘူထရို ဂါလီ ( Boutros-Ghali ) က -

"မြန်မာ ပစ်တစ်၏ ကြောက်ရွံ့ခရာဖြစ်နေသည့် အုပ်ချုပ်မှုအားလွတ်မြောက်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ဖြတ်ကျော်ဝင်ရောက်နေသော မူဆလင်များကိစ္စကိုအထူးစိုးရိမ်မကင်းဖြစ်မိကြောင်း၊ ဒုက္ခသည်များထောင်သောင်းချီ၍ ရောက်ရှိလာခြင်းသည်ပို ဒေသ၏တည်ငြိမ်မှုကိုသက်ရောက်မှုရှိကြောင်း၊ မြန်မာနိုင်ငံအနေနှင့်အပြုသဘောဆောင်သော တုန့်ပြန်မှုကိုမပြုလုပ်ပါက မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ရှုမှုကို ရန်ကြီးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း..." ပြောကြားခဲ့သည်။

ကွာလာလမ်ပူအစည်းအဝေးအတွင်း ရေးမှူးချုပ်ထိုသို့ ပြောကြားပြီး နောက်တနေ့တွင်အာဆီယံ [69] ခြောက်နိုင်ငံအဖွဲ့ဝင်၊ မလေးရှားနိုင်ငံ၊ ဝန်ကြီးချုပ် ဒေါက်တာမဟာသီယာမိုဟာမက် ( Dr. Mahathir ) ကလည်း "ရိုဟင်ဂျာမွတ်ဆလင်တွေရဲ့ အခြေအနေနဲ့ပတ်သက်ပြီးမလေးရှားနိုင်ငံကအခိုင်အမာရပ်တည်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပြန်သည်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီးအဗ္ဗဒူလာဘာဒါဝီ (Abdullah Badawi ) ကလည်း "မွတ်ဆလင်တွေအပေါ်မြန်မာအစိုးရကစစ်မတော်၏ တိုက်ခိုက်နှိပ်စက်ညှင်းပန်းမှုတွေနဲ့ပတ်သက်ပြီးမလေးရှားအစိုးရကများစွာစိုးရိမ်ကြောင်း၊ မြန်မာ့တစ်မတော်၏တိုက်ခိုက်မှုများကမွတ်ဆလင်များအိမ်နီးချင်းနိုင်ငံများသို့ထွက်ပြေးစေခြင်းကြောင့်၎င်းဖိနှိပ်မှုကိုမြန်မာနိုင်ငံ၏ပြည်တွင်းရေးပြဿနာအဖြစ်သဘောမထားနိုင်တော့ကြောင်း၊ မြန်မာစစ်သားတို့၏လုပ်ဆောင်ချက်များကအိမ်နီးချင်းနိုင်ငံအများအပြားအပေါ်ဝန်ထုပ်ဝန်ပိုးပိလာစေပြီး ဒေသတွင်းတည်ငြိမ်မှုကိုပျက်ပြား ကောင်းပျက်ပြားသွားစေနိုင်သဖြင့်ယင်းကိစ္စကိုအရေးယူဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း ..." ပြင်းပြင်းထန်ထန် ပြောကြားခဲ့သည်။ အထက်ပါသဘောထားအားမတ်လ (၁၀) ရက်နေ့တွင်မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၊ အတွင်းဝန်ဟာလင်အလီ ( Halim Ali ) ကမြန်မာသံအမတ်ကြီးကိုအား ခေါ်ယူ ပြောကြားခဲ့သည်။

ဤအတောအတွင်းကွာလာလမ်ပူလူ့အခွင့်အရေးများဆိုင်ရာ ကော်မရှင်ကလည်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်းကိုမြန်မာစစ်အစိုးရ၊ အထိန်းသိမ်းခံနိုင်ငံရေးခေါင်းဆောင်များအပါအဝင်ပြည်သူလူထုနှင့်ပါ တိုက်ရိုက်တွေ့ဆုံ၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်အတွက်လူ့အခွင့်အရေးများဆိုင်ရာကျွမ်းကျင်သူတစ်ဦးကိုအထူးကိုယ်စားလှယ်အဖြစ်မြန်မာနိုင်ငံသို့ စေလွှတ်ရန်ဆုံးဖြတ်ခဲ့သည်။

တဖန်အီရန်နိုင်ငံခြားရေးဝန်ကြီး ဗာလေယာတီ ( Velayati ) ကလည်း "မြန်မာနိုင်ငံတွင်လူမျိုးတုံးအောင်သတ်ဖြတ်မှုများရှိနေကြောင်း နှင့်၎င်းကို ကွာလာလမ်ပူအနေနှင့်ဝင်ရောက်တားဆီးသင့်ကြောင်း" ပြင်းထန်စွာ ပြောဆိုခဲ့သလို၊ တချိန်တည်းမှာပင် (၄၆) နိုင်ငံပါအစ္စလာမ်နိုင်ငံများအဖွဲ့ [70] ကလည်း "ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ထွက်ပြေးသွားကြရသည့်မွတ်ဆလင်များကိစ္စနှင့်ဝပ်

---

၆၉။ ASEAN= Association of South-East Asia Nation
အဖွဲ့ဝင် (၆) နိုင်ငံမှာထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့်စင်ကာပူနိုင်ငံတို့ဖြစ်သည်။

၇၀။ Organization of Islamic Countries (OIC)

လျှဦး၏မြန်မာအစိုးရအား ရှုတ်ချကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အာဆီယံအသင်းဝင်နိုင်ငံတစ်ခုဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး အလီအလာတပ်စ် (Ali Alatas )ကလည်း ``မြန်မာနိုင်ငံမှ မွတ်ဆလင်ဒုက္ခသည်များ၏ပြဿနာသည်အရှေ့တောင်အာရှ ဒေသငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကိုထိခိုက်နိုင်ကြောင်း၊ ယင်းပြဿနာအား ပြေလည်အောင်နှင့်မြန်မာနိုင်ငံအတွင်းမှ ဒုက္ခသည်များအခြားနိုင်ငံထဲသို့ ပြေးရန်ဖြစ်လာရသည့်အခြေခံကိစ္စများနှင့်ပတ်သက်၍လည်းကိုင်တွယ် ဖြေရှင်းရန်၊ လိုအပ်သလို ဆောင်ရွက်ရန်ကိုလည်း မေတ္တာရပ်ခံကြောင်း ...`` ပြောကြားခဲ့သည်။

ထို့အတူအာဆီယံအသင်းဝင် နောက်တစ်နိုင်ငံဖြစ်သော ဘရူနိုင်းနိုင်ငံကလည်း ``ရခိုင်ပြည်နယ်မှအိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့မွတ်ဆလင်ဒုက္ခသည်တစ်သိန်းခြောက်သောင်းကျော်ဒရေဟောထွက်မှုဆုံးခန်းတိုင်စေရန် တောင်နှင့်အရှေ့တောင်အာရှနိုင်ငံများကကူညီ ဆောင်ရွက်သွားကြပါရန်``တိုက်တွန်းနှိုးဆော်သည့် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်နိုင်ငံကမူ ``မွတ်ဆလင်လူမျိုးစုများ၏အခွင့်အရေးများကိုစုံစမ်းကာကွယ်ပေးရန်နှင့်ဒုက္ခသည်များ နေရပ်သို့ပြန်ခွင့်ပြုရန်``အစ္စလာမ်မဘာတ်မြို့၌ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနကတိုက်တွန်းခဲ့သလို၊ ဤဒုက္ခသည်ပြဿနာအားလက်တွေ့ရင်ဆိုင်တွေ့ကြုံနေရသည့်အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဝန်ကြီးချုပ်ခါလီဒါဇီယာ (Khaleda Zia )ကလည်း ``မြန်မာစစ်အစိုးရသည်ဒီမိုကရေစီပြန်လည်ထောက်ခံသူမှန်သမျှနှိပ်စက်နေကြောင်း ``ပြင်းထန်စွာဝေဖန် ပြောဆိုခဲ့သည်။

ထိုသို့နိုင်ငံတကာမွတ်ဆလင်နိုင်ငံများနှင့်အာဆီယံအဖွဲ့ဝင်မွတ်ဆလင်နိုင်ငံများ၏ ပြောဆိုကန့်ကွက်မှုများ၊ အနောက်နိုင်ငံများ၏ဆန့်ကျင်မှုများ၊ ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်နှင့်ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တို့၏ ဖိအားပေးမှုများ ကြောင့်မြန်မာစစ်အစိုးရသည်ကမ္ဘာ့အလယ်တွင်များစွာအရှက်ရခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဝန်ကြီးချုပ်ခါလီဒါဇီယာ၊ အမေရိကန်နိုင်ငံသို့ ရောက်ရှိပြီး အမေရိကန်သမ္မတ ဂျော့ဘုရှ်နှင့် ဆွေးနွေးသည့်ရက်တွင်မြန်မာစစ်အစိုးရကလည်းတချိန်တည်း၌ပင်ရန်ကုန်မြို့၌သံအမတ်များ၊ စစ်သံမှူးများအားဖိတ်ကြားပြီး မြန်မာဘင်္ဂလားဒေ့ရှ်နယ်စပ်ဒုက္ခသည်များကိစ္စနှင့်စပ်လျဉ်း၍သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ ယင်းသတင်းစာရှင်းလင်းပွဲ၌နိုင်ငံခြားရေးဝန်ကြီးဦးအုန်း ကျော်က-

"မြန်မာ ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒုက္ခသည်များကိစ္စသည် နိုင်ငံတကာ၏ နယ်ဖင်းနှင့်အသံလွှင့်ဌာနများ၏ လုပ်ကြံဖန်တီးပြောဆိုချက်များသာဖြစ်ကြောင်း ထွက်ပြေးသွားသူများမှာ မြန်မာနိုင်ငံအတွင်းသို့ ခိုးဝင်လာရာမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲ ပြန်ပစ်သွားခြင်းသာဖြစ်ကြောင်း၊ ယင်းပြဿနာအား နှစ်နိုင်ငံစလုံးက ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ရန် ကြိုးပမ်းနေသည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက မလိုအပ်ဘဲ နိုင်ငံတကာသို့ ယင်းကိစ္စအား ဂရုပြုလာအောင် ပြုလုပ်လိုက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လုံခြုံရေးဌာနတာဝန်ရှိသူများအနေနှင့် ဤကာလအတွင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီးတစ်လျှောက် ကွင်းပွင့်သောဒေသများ၌ အိတ်ဆောင်ဓာတ်ပုံရင်းများကို ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် ၂၃၄၄ ဦးသာ [illegible] နေသည်ကို တွေ့ရှိရကြောင်း၊ ကုလသမဂ္ဂလူမှုရေးဆိုင်ရာကိစ္စများဌာန၊ ဒုက္ခကယ်ဆယ်ရေးညှိနှိုင်းမှု တာဝန်ခံ ဂျန်အယ်လိယာဆန် ( Jan Eliasson) အားဖြင့် ရပ်မှန်များကိုလေ့လာပြီး မဟုတ်မမှန်သတင်းလွှင့်နေမှုများမှာ လုပ်ကြံဖတ်များသာဖြစ်ကြောင်းကို အမှန်တိုင်းသိရှိရန် ဖိတ်ကြားမည်ဖြစ်ကြောင်း" ၇၀

ပြောကြားသွားခဲ့သည်။

ဝင်စစ်တွင် ၁၉၉၁ ခုနှစ်နိုဝင်ဘာလ (၂၁) ရက်နေ့မှ (၂၃) ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မဖွတာအာမ်မိုဝတာဖ်ဉ ရာမန်နှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးအုန်းဂျော်တို့ ရန်ကုန်မြို့ ဆွေးနွေးပွဲအပြီးတွင် ဘင်္ဂလားဒေ့ အစိုးရနှင့် ဆွေးနွေးမှုများ တစ်ဖန်ပြုလုပ်ရန် ဦးအုန်းဂျော်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးက ဒက္ကာမြို့သို့ ဖိတ်ကြားခဲ့သော်လည်း ငင်းကသွားရောက်ရန် ငြင်းဆိုခဲ့သည်။ ခါလေဒါဇီယာကအာမေရိကန်သမတ ဂျော့ဘွတ်ရှ်နှင့် တွေ့ဆုံဆွေးနွေးသည့်ရက်မှာ မတ်လ (၁၉) ရက်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်ဆွေးနွေးပွဲကာလ နိုဝင်ဘာမှ သတင်းထုတ်ပြန်ရှင်းလင်းပွဲလုပ်သည့်အချိန်အထိကြာမြင့်ခဲ့သည့် (၄) လတာကာလအတွင်း ယင်းဒုက္ခသည်ပြဿနာအား တင်းမာသော အသွားဆုတ်ကိုင်ဖြေလစ်လျှော့ရှုနေခဲ့ခြင်း၊ ဒက္ကာ၌ဆက်လက်ဆွေးနွေးညှိနှိုင်းအဖြေရှာရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်ကိုငြင်းဆန်ခဲ့ခြင်းများမှာ သတင်းထုတ်ပြန်ရှင်းလင်းပွဲ၌ ဦးအုန်းဂျော်၏ ရှင်းလင်းချက်များအား ယုံကြည်နိုင်စရာမရှိကြောင်း သက်သေပြသလိုဖြစ်နေသည်ဟု ဆိုရပေမည်။

ဤကာလများအတွင်း လစ်ဝတွန်းမြို့တွင်အခြေပိုက်သည့် ဥရောပစီးပွားဖက်နိုင်ငံများအဖွဲ့[72] ကလည်း "မြန်မာနိုင်ငံဝင်ဖက်အာဏာပိုင်များ၏ ပူဝါဒများသည်

၇၁။ ဘင်္ဂလားဒေ့-မြန်မာနယ်စပ်အခြေအနေနှင့်ပတ်သက်၍ အထူးသတင်းစာ ရှင်းလင်းပွဲ၌ ဦးအုန်းဂျော် ပြောဆိုချက်၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၂၀ မတ် ၁၉၉၂၊ ၁၁ ၉

၇၂။ ( European Community )၊ အဖွဲ့ဝင် (၁၃) နိုင်ငံမှာ ပြင်သစ်၊ ဂျာမဏီ၊ လူဇင်ဘတ်၊ အီတလီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဂရိ၊ ဒိန်းမတ်၊ အိုင်ယာလန်၊ ပေါ်တူဂီ၊ စပိန်၊ နော်ဝေ၊ ယူနိုက်တက်ကင်းဒမ်းတို့ဖြစ်သည်။

နိုင်ငံတကာအဆိုင်းအဖုံးယိုက်လန့်စိုးရိမ်ဖွယ်ရာများကိုဖန်တီး နေကြောင်း၊ နယ်ခံစစ်ကိုဖြတ် ကျော်ပြီး ဘင်္ဂလား ဒေ့ရှ်နိုင်ငံအတွင်းသို့ထွက် ပြေးတိမ်း ရှောင်လာခဲ့ရ သောမူဆလင်ဘာသာဝင်တစ်သိန်း လေး သောင်း ကျော်တို့၏ကံကြမ္မာနှင့်ပတ်သက်၍ အားဖြင့်အဖွဲ့ကစိုးရိမ်ပူပန်မှုတိုးပွါးလာ နေ ကြောင်း၊ အ ခြေအ နေမှာ ဒေသတွင်းတည် ငြိမ်မှုကိုခြိမ်း ခြောက် နေ ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိလူနည်းစုအုပ်စုများမှာ သည်းညည်းမခံနိုင် လောက် သော ဖိနှိပ်မှုများကိုခံ နေရ ကြောင်း၊ လူမျိုးစုပဋိပက္ခများ အားငြိမ်းချမ်း သော နည်းဖြင့် ဖြေရှင်း ပြေလည်မှုများရရှိ ရေးကြိုးပမ်း ဆောင်ရွက် ရန်အတွက် တောင်းဆို ကြောင်း ``စသည့်အချက်များပါဝင် သော ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အာဆီယံအဖွဲ့ဝင် နောက်တစ်နိုင်ငံဖြစ် သော ဖိလစ်ပိုင်နိုင်ငံကလည်း ``ဤကိစ္စ သည် ဒေသလုံခြုံ ရေးကိုထိခိုက်လာနိုင် ကြောင်း၊ အ ခြေအ နေဆိုးဝါးလာခြင်းမှ ရှောင် ကျဉ်နိုင်ရန်မြန်မာနှင့်ဘင်္ဂလား ဒေ့ရှ်သည်နှစ်ဦးနှစ်ဖက် ဆောင်ရွက်ရမည့်ကိစ္စအ ဖြစ်ရှုမြင်သင့် ကြောင်း၊ အလွန်များပြားလှ သောအိုးမဲ့အိမ်မဲ့ဒုက္ခသည်များအားလူမှု ရေးအ ထောက်အပံ့ ပေး ရေးအတွက်ကုလသမဂ္ဂနှင့်အခြားသက်ဆိုင်ရာအသင်းအဖွဲ့များ အ နေနှင့်အ ရေးတကြီး ဆောင်ရွက်သင့် ကြောင်း၊ ဤဒုက္ခသည်ကိစ္စနှင့်စပ်လျဉ်း၍ ၁၉၉၂ ခု မတ်လ (၆) ရက် နေ့၌ ( U.N ) အ ထွေ ထွေအတွင်း ရေးမှူး ချုပ်၏ ကြေညာချက် ကိုလည်းကြိုဆို ကြောင်း ``ဖြင့်သ ဘောထား ကြေညာ ချက်တစ် စောင်ထုတ်ပြန်ခဲ့သည်။

၁၉၉၂ ခု၊ ဧပြီလ (၁၁) ရက် နေ့တွင်ပင်လယ် ကွေ့စစ်ပွဲကာလအတွင်းနိုင်ငံ စုတစ်စု၏တွဲဖက်တပ်မှူးအဖြစ်တာဝန်ယူခဲ့သူ၊ ဆော်ဒီအာရေဗျနိုင်ငံ၏မင်း သား ကြီး ခါလစ်ဘင်္ဂလား ဒေ့ရှ်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး နောက် ``ဒုက္ခသည်ပြဿနာကိုကုလသ မဂ္ဂကပိုမို၍အ ရေးတယူဂရုစိုက် ဆောင်ရွက်ရန်လိုအပ် ကြောင်း၊ မိမိတို့ကိစ္စဖြစ်ပွါး စဉ်ကမားမားမတ်မတ်ကူညီခဲ့သလို[၇၃]ဘင်္ဂလား ဒေ့ရှ်နိုင်ငံကအခုလိုနာကျင်ဖွယ်အ ဖြစ်မျိုးကြုံ တွေ့ရသည့်အ ခါတွင်လည်းမိမိတို့ကမားမားမတ်မတ်ရပ်တည်ကူညီမည်ဖြစ် ကြောင်း `` ပြောကြားခဲ့သည်။ ဒုက္ခသည်စခန်းများသို့လှည့်လည်ကြည့်ရှုပြီး ဒုက္ခသည်များ အတွက်၎င်း၏ကိုယ်ပိုင် ငွေထဲမှအ မေရိကန် ဒေါ်လာတစ်သန်းလှူဒါန်းခဲ့သည်။ ထို့ပြင် မြန်မာစစ်တပ်၏ ပစ်ခတ်မှု ကြောင့် ကော့ပဇာ၊ ရာမူးရှိရစ်ဘယ်တာအရွလာခံ မစ် ဆေးရုံတွင်တင်ထားရသည့်ဒဏ်ရာရဒုက္ခသည်များအားသွား ရောက်ကြည့်ရှုခဲ့သည်။

---

၇၃။ ပင်လယ် ကွေ့စစ်ပွဲကာလအတွင်းနိုင်ငံစုတစ်စု၌ဘင်္ဂလား ဒေ့နိုင်ငံမှတပ် သားအင်အား (၂၅၀၀) စေလွှတ်ကူညီခဲ့သည်။

မူဆလင်နိုင်ငံများအနေနှင့်မြန်မာနိုင်ငံအတွင်းမှအစ္စလာမ်ဘာသာဝင်များအကြီးအကျယ်လူ့အခွင့်အရေးချိုးဖောက်ခြင်းခံရမှုသာမြန်မာစစ်အစိုးရအား ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုခြင်းမျိုးမှာလည်း မမျှော်မှန်းနိုင်ဟုဆိုရမည်ဖြစ်သည်။ စစ်အစိုးရသည်မြန်မာနိုင်ငံအတွင်း နေထိုင်သောပြည်သူလူထုအပေါ် လူမျိုးမရွေး၊ ဘာသာမရွေး လူ့အခွင့်အရေးချိုးဖောက်နေကြောင်းယခုမှသိရှိရသဖြင့် ဝေဖန်ကန့်ကွက်ပြောဆိုခြင်းဖြစ်သည်ဟုဆိုရလောက်အောင်လည်းနိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ၏ ရေးသားထုတ်ဝေဖြန့်ချိမှုများ၊ နိုင်ငံတကာစာနယ်ဇင်းနှင့်အသံလွှင့်ဌာနများ၏သတင်းထုတ်လွှင့်ဖော်ပြချက်များချိတ်၍ မဟုတ်သည်မှာထင်ရှားပါသည်။ မည်သို့ပင်ဆိုစေကာမူမြန်မာစစ်အစိုးရ၏မတရားဖိနှိပ်မှုများကြောင့်မြန်မာနိုင်ငံအတွင်းမှအစုလိုက်အပြုံလိုက်ထွက်ပြေးသွားကြသောမူဆလင်ဒုက္ခသည်များ၏ပြဿနာအားချဉ်းကပ်ရာတွင်လူမျိုးရေး၊ ဘာသာရေးအမြင်ဖြင့် ကြည့်ခြင်းထက်ပြည်သူလူထုကြီးတစ်ရပ်လုံးနှင့်သက်ဆိုင်သည့်လူ့အခွင့်အရေးရှုထောင့်မှလေ့လာ၊ သုံးသပ်၊ ရှုမြင်ခြင်းကသာယထာဘူတကျမည်ဖြစ်ပါသည်။

မြန်မာဘင်္ဂလားဒေသရှိနယ်စပ်ဒုက္ခသည်များကိစ္စနှင့်စပ်လျဉ်း၍ မပိုးနိုင်၊ မဖိနိုင်ဖြစ်လာမှအနောက်နိုင်ငံများသာမက၊ နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းများ၊ မူဆလင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ပါစစ်အစိုးရ၏လူ့အခွင့်အရေးချိုးဖောက်မှုကိုအတင်း ဖိအားပေးလာခဲ့ကြရာ၌အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့အနေနှင့်လည်းတစိုက်မတ်မတ်ဆုတ်ကိုင်လာခဲ့သည့်အပြုသဘောကိုင်တွယ်ပြောဆိုဆောင်ရွက်ရေးမူ[၁၄]ကိုပင်ဂရုမပြုနိုင်တော့ဘဲစစ်အစိုးရအားပြင်းထန်သောစကားလုံးများသုံးစွဲပြီးပြစ်တင်ဝေဖန်လာကြသည်။ အထူးသဖြင့်မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့်ဘရူနိုင်းနိုင်ငံတို့ဖြစ်သည်။ သို့ရာတွင်အိမ်နီးချင်းထိုင်းနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှာမူမိမိတို့နိုင်ငံ၏အကျိုးစီးပွားပွန်းပဲ့သွားမည်ကိုစိုးရိမ်နေကြသဖြင့်အာဆီယံမူအားဆက်လက်လက်မလွှတ်နိုင်ကြသေးပေ။

မြန်မာစစ်အစိုးရအားနိုင်ငံရေး၊ စီးပွားရေးအရအရေးယူဆောင်ရွက်ရေး၌အရှေ့တောင်အာရှနိုင်ငံများမှာအရေးပါသည့်အခန်းကဏ္ဍ၌ပါဝင်နေ၏။ သို့သော်လည်းယခုအခါမြန်မာစစ်အစိုးရအပေါ်ကုလသမဂ္ဂမှအရေးယူဆောင်ရွက်ရေးအတွက်ပူးတွဲရပ်တည်မှုတစ်ခုပြဋ္ဌာန်းရန်မှာအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ပျက်ကွက်မှုကြောင့်ပင်လျှင်အဟန့်အတားတစ်ခုဖြစ်နေရပေသည်။ ပင်လယ်ကွေ့အရေးအခင်းကတည်းကဆက်နွယ်မှုရှိသည့်ဒေသဆိုင်ရာအုပ်စုများမှာကုလသမဂ္ဂယန္တယား

---

၁၄။ Constructive Engagement Policy

မှတဆင့်သက်ဆိုင်ရာနိုင်ငံများအပေါ်လုံခြုံရေးကောင်စီ၏ ဦးဆောင်ဦးရွက်ပြုမှုများကိုဦးတည်လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့်ယူဂိုစလားဗီးယားကိစ္စ ဆောင်ရွက်ရန်အတွက်ကုလသမဂ္ဂကြီး၏ကြိုးပမ်းချက်ကိုဥရောပနိုင်ငံများကဦး ဆောင်ခဲ့သလို၊ ဆိုမားလီးယားကိစ္စအတွက်မူအာဖရိကညီညွတ်ရေးအဖွဲ့[၇၅]၊ အစ္စလာမ်ညီလာခံအဖွဲ့[၇၆] နှင့်အာရပ်လိဂ်အဖွဲ့[၇၇]တို့က ဦးဆောင်ဦးရွက်ပြုလုပ်ခဲ့ကြပါသည်။ သို့ဖြစ်၍ ယနေ့ကာလမြန်မာစစ်အစိုးရအားအရေးယူဆောင်ရွက်ရေးကိစ္စမှာလည်းအာဆီယံအဖွဲ့၏ ဦးဆောင်ဦးရွက်ပြုမှုမှာအမှန်ပင်လိုအပ်လျက်ရှိကြောင်းထင်ရှားလှပေသည်။

## ၈။ နှစ်နိုင်ငံ တွေ့ဆုံညှိနှိုင်းမှုများ

ဤပြဿနာစတင်ဖြစ်ပွါးစဉ်ကာလ၊ ၁၉၉၁ ခုနှစ်ဒီဇင်ဘာလ (၂၁) ရက်နေ့မှ (၂၃) ရက်နေ့အထိဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး အဗ်ဒိုစတာဖ်ရာမန်နှင့်မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးအုန်းကျော်တို့ရန်ကုန်မြို့တွင်ညှိနှိုင်းဆွေးနွေးခဲ့ကြသော်လည်းဤပြဿနာပြေလည်သွားနိုင်မည့်အဖြေမျိုးမထွက်ခဲ့ပေ။ မြန်မာစစ်အစိုးရမှ “ဥပဒေကြောင်းအရမြန်မာနိုင်ငံသားများဖြစ်ကြသည်ဟုခိုင်လုံသောအထောက်အထားများကိုပြသနိုင်ပါမှမြန်မာနိုင်ငံကပြန်လည်လက်ခံမည်ဖြစ်ကြောင်း” ဟု သဘောတုန့်ပြန်မှုသာရှိခဲ့ပါသည်။

ထို့ရာတွင်နှစ်နိုင်ငံ ဆွေးနွေးပွဲအပြီး နောက်ပိုင်းတွင်ကားမြန်မာနိုင်ငံအတွင်းမှဒုက္ခသည်များအစုလိုက်အပြုံလိုက်ထပ်မံထွက်ပြေးမှုမှာ ကြောက်ခမန်းလိလိဖြစ်ခဲ့သည်။ အထူးသဖြင့်၁၉၉၂ ဖေဖော်ဝါရီနှင့်မတ်လအတွင်းတစ်နေ့လျှင်လူပေါင်း လေးငါးထောင်နှုန်းလောက်ထွက်ပြေးမှုများရှိခဲ့သည်။ ဤအတောအတွင်းနိုင်ငံတကာနှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ပြင်းထန်သောဝေဖန်ချက်များဖြင့်တုန့်ပြန်မှုရှိလာမှ ပထမအကြိမ်ဆွေးနွေးပွဲကာလကဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားမှုကိုလက်မခံခဲ့သောမြန်မာစစ်အစိုးရသည်ဦးအုန်းကျော် ခေါင်းဆောင်သော (၁၄) ဦးပါကိုယ်စားလှယ်အဖွဲ့ကိုဒက္ကာမြို့သို့အလျင်စလိုစေလွှတ်ခဲ့ရပေတော့သည်။

နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့သည်နှစ်နိုင်ငံမျက်နှာစုံညီဆွေးနွေးပွဲ (၂) ကြိမ်နှင့် ကျွမ်းကျင်သူအဆင့်အစည်းအဝေး (၃) ကြိမ်ညှိနှိုင်းမှုများပြုလုပ်ခဲ့ရာတွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အောက်ပါအချက် (၄) ချက်ကိုအဓိကတင်ပြခဲ့သည်။

(က) မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားနိုင်ငံဘက်သို့လူများအစုလိုက်အပြုံလိုက်ဝင်ရောက် နေခြင်းအားချက်ချင်းရပ်တန့်ရေး

(ခ) ဒုက္ခသည်များအားမူရင်းနေရပ်ဒေသသို့ပြန်လည်ပို့ဆောင်ရေး

---

၇၅။ Organization of African Unity ( O.A.U )

၇၆။ Islamic Conference

၇၇။ The Arab League

မြန်မာနိုင်ငံသည်ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းတစ်ရပ်၏ဝင်ရောက်ပူးပေါင်းဆောင်ရွက်မှုကိုဝန်လေးနေမှုမှာသဘာဝမကျပေ။ UNHCR ၏ကုလသမဂ္ဂမှချမှတ်ချက်မူဝါဒနှစ်ရပ်ဖြစ်သော ဒုက္ခသည်များကိုနိုင်ငံတကာနည်းဖြင့်အကာအကွယ်ပေးသွားရေးနှင့်ဒုက္ခသည်များကို ၎င်းတို့နေထိုင်သောနိုင်ငံတွင်ဖြစ်စေ၊ နေရာသစ်များ၌နေထိုင်လျှင်လည်း၊ ထိုနေရာသစ်များတွင်စီးပွားရေး၊ လူမှုရေး၊ ဥပဒေအခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးရန်ဟူသောအချက်များမှာလည်းကမ္ဘာ့လူသားများအားလုံးအတွက် လျော်ကန်သင့်မြတ်လှပေသည်။ သို့သော်မြန်မာစစ်အစိုးရသည် UNHCR အားအလွန်အမင်းကြောက်လန့်နေရခြင်းကိစ္စမှာသံသယဖြစ်ဖွယ်ကောင်းလှသည်။ အထူးသဖြင့်မြန်မာစစ်အစိုးရသည်ပင်လယ်ကွေ့စစ်ပွဲအပြီးပြယုဂ်တစ်ခုဖြစ်ခဲ့သောအီရတ်နိုင်ငံ၌ဖြစ်ပွားခဲ့သည့်ကာဒ် (Kurds) ဒုက္ခသည်များပြဿနာကိုများစွာနမူနာယူသင့်လှသည်။

အီရတ်စစ်ပွဲဖြစ်ပွားပြီးနောက်၊ နိုင်ငံမိတ်တပ်များမရုပ်သိမ်းမီကာလတွင်ဆဒမ်ဟူစိန်တပ်များ၏ပြင်းထန်စွာနှိပ်ကွပ်မှုကြောင့်ကာဒ်လူမျိုးဒုက္ခသည်နှစ်သန်းကျော်မှာတူရကီနိုင်ငံနှင့်အီရန်နိုင်ငံနယ်စပ်တောင်တန်းများထံသို့အစုလိုက်အပြုံလိုက်ထွက်ပြေးသွားခဲ့ကြရသည်။ ဒုက္ခသည်အချို့မှာအစာရေစာပြတ်လပ်မှု၊ ရာသီဥတုဒဏ်နှင့်ရောဂါဘီဒဏ်များကြောင့်နေ့စဉ်နှင့်အမျှသေဆုံးကြရသည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်အကြီးမားဆုံးဒုက္ခသည်ပြဿနာဖြစ်ခဲ့သည်။ ဤကိစ္စသည်အီရတ်နိုင်ငံ၏ပြည်တွင်းရေးကိစ္စသာဖြစ်သည်ဟုကနဦးပိုင်းကမျက်ကွယ်ပြုခဲ့သောအမေရိကန်နှင့်ဗြိတိန်အပါအဝင်နိုင်ငံအချို့သည်နောက်ဆုံးတွင်ယင်းဒုက္ခသည်များအတွက်ကယ်ဆယ်ရေးစခန်းများဖွင့်ဆောင်ရွက်ပေးခဲ့ရတော့သည်။ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ်နှင့်အီတလီစစ်သည် (၁၇၀.၀) ကျော်သည့်ဒုက္ခသည်စခန်း (၆) ခုဖွင့်ဆောင်ရွက်ပေးခဲ့ပြီးနောက် UNHCR သို့လွှဲပြောင်းပေးခဲ့သည်။

ဤကဲ့သို့အနောက်နိုင်ငံများကလုပ်ဆောင်လိုက်ခြင်းဖြင့်ကုလသမဂ္ဂအဖွဲ့ကြီး၏ အချုပ်အချာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကိစ္စများတွင်ဝင်ရောက်စွက်ဖက်ခြင်းမပြုရဟူသောမူဝါဒနှင့်ညီစွန်းနေသည်ဟုဆိုနိုင်သော်လည်းကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံလုံခြုံရေးကောင်စီမှပေးပို့ခဲ့သည့်ဆုံးဖြတ်ချက်အမှတ် (၆၈၈) တွင် "အထွေထွေအတွင်းရေးမှူးချုပ်၏လုပ်ပိုင်ခွင့်အစွမ်းကုန်သုံး၍ကာဒ်လူမျိုးဒုက္ခသည်များအားကယ်တင်ရန်ပန်ကြားခဲ့သည့်အချက်နှင့်အထွေထွေအတွင်းရေးမှူးချုပ်ကလည်းထိုသို့တောင်းဆိုခဲ့သည်" ဟူသည့်အချက်ကိုပါဝင်ဆောင်ရွက်ခဲ့သည့်နိုင်ငံများကအခိုင်အမာသက်သေပြခဲ့ကြသည်။ ထို့ဖြစ်၍မြန်မာစစ်အစိုးရအနေနှင့်

၄င်းတို့၏တင်းမာလှသော သဘောထားများကိုအချိန်မီအလျှော့ပေးမှုမရှိခဲ့လျှင်အစိ နှင့်ထွင်းရမည့်ကိစ္စအားပုဆိန်နှင့်ထွင်းရသလိုဖြစ် နေမည်မှာယုံမှားသံသယဖြစ်ဖွယ်မ ရှိချေ။

ဘင်္ဂလားဒေ့ရှ်အစိုးရမှဒုက္ခသည်များပြန်ပို့ရေးအစီအစဉ်အားရက် ရွှေ့ဆိုင်း ခဲ့ပြီး နောက် ( ၂၄-၅-၉၂ ) ရက် နေ့တွင်မြန်မာစစ်အစိုးရကထုတ်ပြန်ခဲ့သည့်သတင်း ကြေညာချက်တွင် –

“ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ထွက် ပြေးတိမ်း ရှောင် နေသူများအားပြန်လည် လက်ခံ ရေးစခန်း ( ၅ ) ခုဖြင့်လက်ခံရန် မေလ ( ၁၅ ) ရက် နေ့မှစ၍အဆင် သင့်ဖြစ် နေ ကြောင်း၊ ၎င်းအ တောအတွင်းမြန်မာဘက်မှဘင်္ဂလား ဒေ့ရှ်နိုင်ငံဘက်သို့ထွက်သွားသူအနည်းအကျဉ်း ရှိခဲ့ ကြောင်း၊ ထိုသို့သွား ရောက်ခြင်းမှာ တစ်ဖက် နိုင်ငံရှိကုလားဆိုးအဖွဲ့များဖြစ်ကြ သော ( RSO ) နှင့် ( ARIF ) အဖွဲ့မှမြန်မာနိုင်ငံဘက်တွင်ရှိ နေသူများအားချိမ်း ခြောက် ခေါ်ယူခြင်း၊ မတရားနည်းလမ်းများဖြင့်မြူဆွယ်စည်းရုံး ခေါ်ယူခြင်းများပြုလုပ်လျက်ရှိ ကြသည့်အပြင်မြန်မာဘက်သို့ပြန်လည်လာ ရောက်လိုသူများအားလည်း မပြန် နိုင် အောင်ချိမ်း ခြောက်လျက်ရှိ ကြောင်း...”[၈၁]

ထည့်သွင်း ဖော်ပြကာဒုက္ခသည်များပြန်ပို့ ရေးအစီအစဉ် နှောင့် နှေးရခြင်း၏အဓိက ပြဿနာကိုဖုံးကွယ်၍အ ကြောင်းပြခဲ့ပြန်သည်။ မြန်မာစစ်အစိုးရ၏အထက်ပါ ကြေညာ ချက်၌ဖော်ပြခဲ့သလို နောက်ထပ်ထွက် ပြေးလာကြသည့်ဒုက္ခသည်များ၏အဆိုအရမြန်မာ စစ်အစိုးရဘက်ပြန်လည်လက်ခံ ရေးစခန်းများ၌ “ထွက် ပြေးသွား သောကုလားများ အားပြန်လည်လက်ခံ ရေးစခန်း” ဟုဆိုင်းဘုတ်များ ချိတ်ဆွဲထားသဖြင့်မြန်မာစစ်အ စိုးရ၏သဘောထားသည်ဒုက္ခသည်များ နေရင်း ဒေသပြန်ပို့ ရေးအစီအစဉ်အားပို၍ ပို၍အလှမ်း ဝေး နေ စေသည်မှာအထင်အရှားပင်ဖြစ် ပေ တော့သည်။

၉။ “ပြေလည်မှုမရ သေး သောဒုက္ခသည်များ၏အနာဂတ်ခရီး”

ဤဒုက္ခသည်များ၏ပြဿနာမှာယ နေ့ထက်တိုင် ဖြေရှင်း၍ ပြေလည်မှုမရနိုင်သေး သည့်ကိစ္စတစ်ခုဖြစ်သည့်အား လျော်စွာနိုင်ငံတကာကလည်းစိုးရိမ်ပူပန်မှုများစွာဖြင့် အာရုံစိုက် နေကြရသည်။ အ ရှေ့အလယ်ပိုင်းပင်လယ် ကွေ့စစ်ပွဲပြီးဆုံးသည်မှာပူပူ နွေး နွေးပင်ရှိ သေးသည့်ကာလ၌အ ရှေ့ တောင်အာရှ ဒေသအတွင်းတည်ငြိမ်မှုကိုချိမ်း ခြောက် နေ သော၊ အ ရှေ့ တောင်အာရှဘင်္ဂလားပင်လယ် ကွေ့စစ်မီးပွိုင့်ကျ ရောက် တော့မည် လော ဟူသည့် မေးခွန်းများထွက် ပေါ် နေ သောမြန်မာဘင်္ဂလား ဒေ့ရှ်နယ်စပ်ဒုက္ခသည်

၈၁။ မြန်မာ့အသံ၊ အသံလွှင့်ချက်၊ ၂၄ မေ ၁၉၉၂၊ (၂၀း ၀၀) နာရီ

များပြဿနာမှာကမ္ဘာ့နိုင်ငံ ရေးစာမျက်နှာများ၌ထိပ်ဆုံး မှ နေရာယူနေသည် ဖြစ်သည်။ ထို့ပြင်လည်းယ နေ့ထက်တိုင် ဖြေရှင်း၍ ပြေလည်မှုမရှိ သေးသည့်အပြင် ဒုက္ခ သည်များ၏အနာဂတ်ခရီးမှာလည်း ရင်လေးဖွယ် ကောင်းလှသည်။ ဤပြဿနာကြီးတစ် ရပ်လုံးအားခြုံငုံဆုံးသပ်ကြည့်ပါက ပထမဆုံး စဉ်းစားစရာအ ချက်မှာအစုလိုက်အပြုံလိုက် ထွက် ပြေးလာကြ သော ဒုက္ခသည် နှစ်သိန်း ကျော်သည်မြန်မာစစ်အစိုးရ၏ပြင်းထန်သော လူ့အခွင့်အ ရေး ချိုး ဖောက်မှုခံရသဖြင့်ထွက် ပြေး လာ၊ သို့မဟုတ်၊ နဝတစစ်အစိုးရ အ ကြောင်းပြသလိုလူဝင်မှုကြီးကြပ် ရေးကိစ္စ ဆောင်ရွက်ရာမှတရားမဝင် နေထိုင်သူ များပြန်လည်ထွက် ပြေးသွားခြင်း လော ဟူသည့်အ ချက်ဖြစ်သည်။

မြန်မာစစ်အစိုးရသည်လူ့အ ခွင့်အ ရေး ချိုး ဖောက်မှုရှိ၊ မရှိဟူသည့်အ ချက်နှင့် စပ်လျဉ်း၍ကုလသမဂ္ဂ၊ လူ့အ ခွင့်အ ရေးများဆိုင်ရာ ကော်မရှင်၏ ၁၉၉၂ ခု၊ ဖေဖော်ဝါရီဆုံးဖြတ် ချက်ကအထင်အရှားပြဆိုခဲ့ပြီးဖြစ်ပါသည်။ သာမန်လူ့အခွင့်အ ရေး ချိုး ဖောက်မှုများ ကို ပြည်သူလူထုတစ်ရပ်လုံး နေ့စဉ်နှင့်အမျှကြုံ တွေ့ခံစား နေကြရသည် မှာ စစ်အာဏာဝ နှစ်မြန်မာပြည်တွင်စတင်ကြီးစိုးခဲ့သည်မှ ယ နေ့ထက်တိုင်ဖြစ်ပါသည်။ လက်နက်ကိုင် တော်လှန် ရေးအဖွဲ့အစည်း မြောက်များစွာဖြင့်ပါဝင်ဆင်နွှဲ နေသည့်အ နှစ် (၄၀) ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့်ပြည်တွင်းစစ်သည်ပင်လျှင်လူမျိုးစုများရသင့် ရထိုက်သည့်အခွင့်အ ရေးတစ်စုံတရာအား ချုပ်ကိုင်ထား ခြင်း ကြောင့်ဆန့်ကျင် တော်လှန် နေကြခြင်းဖြစ်ရာလူသားတစ်ဦး ချင်းနှင့်သက်ဆိုင် သောအ ခွင့်အ ရေးများ ချိုး ဖေါက် ရေးအတွက်မူကား၄င်းတို့အား နေ့နှင့်ဝိုးဝဉ်းမျှဝန် လေးလိမ့်မည်မဟုတ် ပေ။ မြန်မာ နိုင်ငံအတွင်းမှပြည်သူလူထုကြီးအ နေနှင့်လည်းမိမိတို့ လူ့အခွင့်အ ရေး ချိုး ဖောက်ခံရမှု လျင်မြန်သည်၊ နောက်ကျသည်သာရှိပါမည်၊ လူ့အခွင့်အ ရေး ချိုး ဖောက်ခြင်းခံရမှုမှာ အတူတူပင်ဖြစ်ကြပါသည်။ ထိုင်းမြန်မာနယ်စပ်မှဒုက္ခသည်များမှာ စောစီးစွာလူ့အ ခွင့်အ ရေး ချိုး ဖောက်ခံရပြီး၊ ဘင်္ဂလား ဒေ့ရှ်မြန်မာနယ်စပ်မှဒုက္ခသည်များမှာ နောက်ကျမှ ချိုး ဖောက်ခံရခြင်းသာဖြစ်ပါသည်။ ထို့ကြောင့်မြန်မာပြည်၏လူဦး ရေ သန်း လေးဆယ် ကျော်အနက်၊ စစ်အစိုးရ၏အသိုင်းအဝိုင်းကိုနှုတ်၍ ရှိ သောအကြွင်းမှာ မြန်မာပြည်တွင်လူ့အခွင့်အ ရေး ချိုး ဖောက်ခြင်းခံရသူများသာဖြစ်သည်ဟုဆိုနိုင်ပါ သည်။ အကျိုးတရားသည်အ ကြောင်းတရား ကြောင့်သာဖြစ်လာခြင်းဖြစ်ရာထွက် ပြေး လာကြသည့်ဒုက္ခသည်များအ ပေါ်မြန်မာစစ်အစိုး ရ၏ဆက်ဆံ ရေးသည်လူလူ ချင်းညှာ တာ ထောက်ထားသည့်၊ လူကိုလူလိုဆက်ဆံသည့်အ နေအထားမျိုး ရှိခဲ့လျှင်ဤ ဒုက္ခသည်နှစ် သိန်း ကျော်သည် မိမိတို့အိုးအိမ်များကိုစွန့်ခွာ၍ကြမ်းတမ်း သော ခရီးကိုသက်စွန့်ဆံဖျား လာ ရောက်ကြမည်မဟုတ်သည်မှာ သေချာပါသည်။

လူဝင်မှုကြီးကြပ်ရေးကိစ္စ ဆောင်ရွက်ရာမှ စစ်ဆေးခြင်းမခံရသူများကတဖက် နိုင်ငံသို့ပြန်လည်တိမ်း ရှောင်သွားခြင်းသာဖြစ်သည်ဟူသည့်ကိစ္စမှာလည်းယုတ္တိတန်သည်ဟု မဆိုနိုင်ပေ။ နှစ်နိုင်ငံနယ်စပ် ဒေသတစ်ခုဖြစ်သည့်အား လျော်စွာ <u>အတိုင်းအတာတစ်ခုအထိသာလက်ခံနိုင်ဘွယ်ဖြစ်သည်</u>။ နှစ်နိုင်ငံနယ်စပ် ဒေသ (၅) ခုစလုံး၌ဤကိစ္စမျိုးရှိနိုင်သည်။ သို့သော်လည်း ဤကဲ့သို့အချိန်တိုကာလအတွင်းလူ ပေါင်းနှစ်သိန်း ကျော်အစုလိုက်အပြုံလိုက် ထွက် ပြေးရ လောက် အောင်ဖြစ်ပွါးခဲ့သည့်ပြဿနာမှာသံသယဖြစ်စရာ ကောင်းလှသည်။ မြန်မာဘင်္ဂလား ဒေသ၌နယ်စပ်ကိုမဆိုထားဘိ၊ ထိုင်းမြန်မာနယ်စပ်တစ်ခုတည်း၌ပင် စစ်အစိုးရ၏လူ့အခွင့်အ ရေးချိုး ဖောက်မှုများကိုမခံမရပ်နိုင်သဖြင့်ထွက် ပြေးလာကြရသည့်ဒုက္ခသည် ပေါင်းမှာယ နေ့ကာလတွင် ( ရှစ် သောင်း ) ကျော်ရှိ နေပြီဖြစ်သည်။ အများစုမှာနိုင်ငံသားဖြစ် ကြောင်းအ ထောက်အထားများမရှိကြ ပေ။ ထိုသူများကိုမြန်မာနိုင်ငံအတွင်း၌တရားမဝင် နေထိုင်သူများဟုသတ်မှတ်မည်လားဟူသည်မှာ စေဒကတက်စရာဖြစ်သည်။ သို့ သော် သေချာစွာ ပြောနိုင်သည့်အချက်မှာထိုသူများသည်တရားဝင်နိုင်ငံသားစစ်စစ်များဖြစ်ပြီးစစ်အစိုးရ၏ပြင်းထန်သောလူ့အခွင့်အ ရေးချိုး ဖေါက်မှုကိုခံရ၍သာထိုင်းနိုင်ငံထဲထွက် ပြေးခိုလှုံ နေရခြင်းဖြစ် ကြောင်းပင်တည်း ။

<u>ဒုတိယအချက်</u>မှာမြန်မာစစ်အစိုးရသည်ရောမလုစုလု ဝေးကြီးတဖက်နိုင်ငံအ·တွင်းသို့တဟုန်ထိုးထွက် ပြေးသွား စေနိုင် လောက်သည့်အ ခြေအ နေထိ ရောက် အောင်ဖြစ်ပွါးခဲ့ခြင်းအ ပေါ်တင်ကြိုအစီအမံဖြင့်ဖန်တီးခြင်းဟုတ်၊ မဟုတ်ဟူသည့်ကိစ္စဖြစ်သည်။ ဤပြဿနာစတင်ဖြစ်ပွါးသည့်အချိန်သည်စစ်အစိုးရအဖို့ပြည်တွင်းပြည်ပနိုင်ငံ ရေးအကြပ်အတည်းများစွာနှင့်ရင်ဆိုင် နေရသည်မှာအထင်အရှားဖြစ်ပါသည်။ ရွေး ကောက်ပွဲအနိုင်ရနိုင်ငံ ရေးပါတီအားအာဏာလွှဲ ပြောင်း ပေးခြင်းမရှိ သေးသည့်အတွက်နိုင်ငံတကာ၏ ဖိအား ပေးခြင်းခံ နေရမှုများ၊ စစ်အစိုးရ၏လူ့အခွင့်အ ရေးချိုး ဖောက်မှုများအတွက် (၄၆)ကြိမ် မြောက်ကုလသမဂ္ဂအ ထွေ ထွေညီလာခံကြီး၌ဦးအုန်း ဂျော် ခေါင်း ဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းမ ဖေါ်ဝံ့ အောင်ရှုံ့ချခြင်းခံ နေရမှုများ၊ ပြည်တွင်း၌ ငွေ ကြေးမတရား ဖေါင်းပွကာကုန် ဈေးနှုန်းအဆမတန်ကြီးမြင့် နေမှုများ၊ ယင်းကာလများအတွင်း ဒေါ် အောင်ဆန်းစုကြည်အား ''ကမ္ဘာ့ငြိမ်းချမ်း ရေးနိုဗယ်ဆု'' ချီးမြှင့်ခြင်းခံရ ကြောင်း ကြေညာချက်ထွက် ပေါ်လာပြီး နောက်ပြည်သူလူထုနှင့်နိုင်ငံ ရေးအရတင်းမာမှုဖြစ် ပေါ် နေမှုများမှာစစ်အစိုးရအဖို့နိုင်ငံ ရေးအကြပ်အတည်း ပေါင်းစုံနှင့်ရင်ဆိုင် နေရသည့်ကာလဖြစ်သည်။ သို့ဖြစ်၍ယင်းအချိန်နှင့်တ ပြေးညီ ဤမူဆလင်ဒုက္ခသည်ပြဿနာကြီး နေ့ချင်း၊ ညချင်း ပေါ် ပေါက်လာခဲ့သည်မှာလုံးဝသံသယဖြစ်စရာအချက်ဖြစ်သည်။ အဘယ် ကြောင့်ဆို သော်မြန်မာစစ်အစိုးရအဆက်ဆက်သည်၎င်း

တို့အဖို့ပြည်တွင်းနိုင်ငံရေး၊ စီးပွါးရေးအကြပ်အတည်းများနှင့်ရင်ဆိုင်နေရပြီဆိုလျှင် ဤကဲ့သို့သော လူမျိုးရေးပြဿနာ ကိုဖန်တီးတက်သည်မှာ အစဉ်တစိုက်ကျင့်သုံးခဲ့သော နည်းဗျူဟာတစ်ရပ်ဖြစ်သော ကြောင့်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည်နိုင်ငံပေါင်း (၅) နိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေသည် ဖြစ်ရာနှစ်နိုင်ငံနယ်စပ်အထီးထီး၌တရားမဝင် နေထိုင်ကြသူများမှာလည်းသိန်းပေါင်း များစွာပင်ဖြစ်ပါသည်။ ၎င်းတို့အထဲ၌ နိုင်ငံသားဖြစ်မှုသက်သေခံအထောက်အထား မရှိကြသည့်တိုင်းရင်းသားများ၊ ဗမာစကားမပြောတတ်ကြသည့်တိုင်းရင်းသားများမှာလည်း သောင်းသိန်းမကဖြစ်ပါသည်။ သို့ရာတွင်နဝတစစ်အစိုးရသည်နယ်စပ်ဒေသ (၅) ခုစလုံးကိုလူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်းမပြုဘဲဘင်္ဂလားဒေသရှိ နယ်စပ်တစ်ခုတည်းကိုသာထိထိမိမိစစ်ဆေး နေခြင်းမှာလည်းရိုးသားမှုရှိရှိဖြင့်လုပ် ဆောင်ခြင်းမဖြစ်နိုင်သည်မှာထင်ရှားလှပါသည်။ အထူးသဖြင့်နယ်စပ်၌တာဝန်ရှိသူ များအားအမေရိကန် ဒေါ်လာ ငွေ (၅၀၀) လောက်နှင့်ညှိမှုသော မြန်မာ ငွေ ပေး ရုံမျှဖြင့်နယ်စပ်ကိုဖြတ်ကာမန္တလေး မြို့ပေါ်တွင်အိမ်ပိုင်၊ မြေပိုင်ဝယ်ယူ နေထိုင်နိုင် ကြသောတရုတ်များ၏အနေအထားကိုကြည့်ချင်းဖြင့်လည်းဘင်္ဂလား ဒေသရှိနယ်စပ်ပြဿနာ မှာတင်ကြိုအစီအမံများဖြင့်ပြုလုပ်ခဲ့ကြောင်းအငြင်းမထွက်နိုင်သည့်အချက်ဖြစ်သည်။

ရည်ရွယ်ချက်ရှိရှိဖြင့်လုပ်ဆောင်ခဲ့ကြောင်းပိုမိုထင်ရှား စေသည့်အချက်တစ်ခု မှာ၊ မြန်မာနိုင်ငံသည် ၁၉၇၃ ခုနှစ်မှစ၍တစ်နိုင်ငံလုံးသန်းခေါင်စာရင်းကောက် ယူရေးလုပ်ငန်းကိုလူထုလျှစ်လျူရှုမှုအသွင်ဖြင့် (၁၀) နှစ်လျှင်တစ်ကြိမ်ပြုလုပ်ခဲ့ရာတွင်ပြီး ခဲ့သည့် ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်များ၌နှစ်ကြိမ်စလုံး၊ လှည်းနေ လှေ အောင်း ပြင်း ခြောင်းမကျန်၊ အနက် ရောင်မှရိယာအထိသန်း ခေါင်စာရင်း ကောက်ယူခဲ့သည်။ လာမည့် ၁၉၉၃ ခုနှစ်ပင်လျှင်တစ်နိုင်ငံလုံးသန်းခေါင်စာရင်း ကောက်ယူရမည့်နှစ် ဖြစ်ပါသည်။ သို့ဖြစ်၍ နေရာအနှံ့ပိုက်စိပ်တိုက်လူဦးရေစာရင်း ကောက်ယူခဲ့သည့်ကာလ များ၌ယခုကဲ့သို့တရားမဝင်လာ ရောက်ခဲ့ကြသည်ဆို သောလူများအစုလိုက်အပြုံလိုက်ထွက် ပြေးမှုအလျဉ်းမရှိခဲ့ဘဲ၊ ၁၉၇၈ ခုနှစ်၊ ၁၉၉၁-၉၂ ခုနှစ်စ သောဆက်စပ်မှုမရှိ သည့်ကာလများ၌ရောမလှုစုလှု ဝေးကြီးထွက် ပြေးမှုဖြစ်ခဲ့သည့်အခြေအ နေမှာတင်ကြိုအစီအစဉ်ဖြင့်ပြုလုပ်မှုဖြစ် ကြောင်းပြဆို နေသလိုဖြစ် နေပါသည်။ ထိုအချက်အား ပိုမိုခိုင်လုံ စေသည့်အချက်မှာ UNHCR ကဲ့သို့ သော နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းများ၌ စိစစ် ဆေးမှုကိုခံယူရန်လုံးဝမလိုလားခဲ့ခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍မ ပြေး သော်လည်း ကန့်ရာတ ရှိ နေပါသည်။ ၎င်းတို့၏ နိုင်ငံရေးအကြပ်အတည်းအားအာရုံလွှဲ ပြောင်းရန် အတွက်ဤကဲ့သို့ သောပြည်တွင်း၊ ပြည်ပမှ မျက်ပြူးဆန်မှုဖြစ် စေခဲ့သည့်ဒုက္ခသည်ပြဿနာ အားစီမံချက်ရှိရှိဖြင့်လုပ်ခဲ့သည်မှာအထင်အရှားပင်ဖြစ် ပေတော့သည်။

<u>တတိယအချက်</u>မှာ ဒုက္ခသည်များဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းကြာရှည်စွာ နေထိုင်ခြင်းမှဖြစ်လာနိုင်သည့်အကျိုးဆက်ဖြစ်ပါသည်။ အထူးသဖြင့်ဒုက္ခသည်များမှာကိုယ်ပိုင်မြေယာမရှိကြသူများဖြစ်သည့်အားလျော်စွာ ဒေသခံပြည်သူများ၏ဝါးပင်၊ သီးပင်ဆွတ်ခူးမှုမှအစသစ်တစ်လုံး၊ ဝါးတစ်ချောင်းခုတ်သည်အဆုံးတစ်ကြိမ်တစ်ခါတွင်တစ်ဦးနှင့်တစ်ဦးအရေးအတင်ဖြစ်ပွားရာမှလူစုလူဝေးနှင့်ရင်ဆိုင်ဖြစ်ပွားနိုင်သဖြင့်၊ ရေရှည်ကျဉ်းမြောင်းသောဒေသအတွင်းလူပေါင်းနှစ်သိန်းကျော်နေထိုင်ခြင်းကြောင့် ဒေသခံပြည်သူများနှင့်ရင်ဆိုင်ကြုံတွေ့နိုင်သည့်ပြဿနာများမှာလည်းအန္တရာယ်ကြီးမားလှသည်။ ထို့ပြင်ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်နှစ်စဉ်၊ နှစ်တိုင်းမုတ်သုန်ရာသီ၌သဘာဝဘေးအန္တရာယ်ကိုကြုံတွေ့နေရသည်ဖြစ်ရာ၊ ယနေ့ကာလဒုက္ခသည်များနှစ်သိန်းကျော်ရှိနေသည့်အချိန်၌ဖြစ်ပွားခဲ့လျှင်ကြုံတွေ့နိုင်သည့်အနိဋ္ဌာရုံမြင်ကွင်းမှာမတွေးဝံ့စရာပင်ဖြစ်တော့သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရအနေနှင့်လည်းယခုကပင်လျှင်ဒုက္ခသည်များ၏စခန်းအတွင်း၌ ဗလီများ၊ စာသင်ကျောင်းများ၊ ဆေးရုံများရှိခဲ့ပြီးဖြစ်ခြင်းကြောင့်လည်း၊ ယင်းဒုက္ခသည်များအခြေတကျနေထိုင်မှုဖြစ်သွားမည်ကိုစိုးရိမ်လျက်ရှိသည်။

<u>စတုတ္ထအချက်</u>မှာမြန်မာနိုင်ငံအတွက်သာမကအရှေ့တောင်အာရှဒေသတည်ငြိမ်ရေးအတွက်ပါအန္တရာယ်ကြီးမားလှသည့်ကိစ္စဖြစ်သည်။ ၎င်းဒုက္ခသည်များမှာအစ္စလာမ်ဘာသာဝင်များဖြစ်သည့်အားလျော်စွာ၊ ယင်းပြဿနာဖြစ်ပွားခဲ့သည့်အချိန်နှင့်တပြေးညီမှာပင်အာဖဂန်အစ္စလာမ်နိုင်ငံများသာမက၊ တောင်အာရှနှင့်အရှေ့အလယ်ပိုင်းအစ္စလာမ်နိုင်ငံများပါမြန်မာစစ်အစိုးရအားပြင်းထန်သောစကားလုံးများသုံးစွဲပြီးကန့်ကွက်ပြောဆိုခဲ့ကြသည်။ ပင်လယ်ကွေ့စစ်ပွဲကာလအတွင်းနိုင်ငံစိတ်ဓါတ်တွဲဘက်တစ်မျိုးဖြစ်ခဲ့သောဆော်ဒီအာရေဗျမင်းသားကြီးခါလစ်၊ အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် မလေးရှားဝန်ကြီးချုပ်တို့၏ပြောဆိုချက်များမှာထိပ်တိုက်ရင်ဆိုင်ရေး (Confrontation) လမ်းကြောင်းပေါ်သို့တွန်းတင်ပေးသလိုဖြစ်နေသည်။ အခြားတဖက်ကလည်းရိုဟင်ဂျာလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများပြားစွာရှိနေခြင်း၊ ၁၉၉၀ ခု မေလရွေးကောက်ပွဲ၌၊ ၎င်းဒုက္ခသည်များနေထိုင်ခဲ့သောဘူးသီးတောင်၊ မောင်းတောမဲဆန္ဒနယ် (၄) နယ်စလုံးတွင်အနိုင်ရခဲ့သည့် ''အမျိုးသားလူ့အခွင့်အရေးပါတီ''၏နိုင်ငံရေးရည်မှန်းချက်အဖြစ် ''ယနေ့သန်းကျော်ရှိသောရိုဟင်ဂျာအမျိုးသားများကိုယ်ကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေးအတွက်ကြိုးပမ်းဆောင်ရွက်ရန်ရိုဟင်ဂျာအမျိုးသားတစ်ရပ်လုံးတွင်တာဝန်ရှိသည်'' ဟူသောတိုက်တွန်းရေးသားဖော်ပြထားခြင်းများကလည်းမီးလောင်ရာပင့်ပေးမည့်လေနကြမ်းများသဖွယ်ဖြစ်နေသည်ဟုဆိုနိုင်ပါသည်။ သို့ဖြစ်၍မြန်မာ

ဘင်္ဂလားဒေ့ရှ်နယ်စပ်ပြဿနာအားကိုင်တွယ်ရာ၌ ဖြေရှင်းမှုနည်းလမ်းတိမ်းပါး၍ လျှင်ဘင်္ဂလားပင်လယ်ကွေ့၏ စစ်မီးဂြိုဟ်မှာအချိန်မရွေး တောက်လောင်နိုင်သည့်အခင်း အကျင်း၌ရှိနေသည်ကိုများစွာသတိချပ်သင့် ပေသည်။

နောက်ဆုံးအနေအထားအရ ဒုက္ခသည်များနေရပ်ပြန်ပို့ရေးအစီအစဉ်နှင့် စပ်လျဉ်း၍ သဘောတူညီချက်ရရှိပြီးဖြစ် သော်လည်းယနေ့ကာလအထိဒုက္ခသည်များတစ် ဦးတစ်ယောက်မျှ နေရပ်ပြန်ခြင်းမရှိ သေးသည့်အပြင်ထပ်မံထွက်လာသူများသာ နေ့ တခြားတိုးပွားလာနေပါသည်။ ကိုယ်စားလှယ်နှစ်ဖွဲ့စလုံးမှအဖွဲ့ဝင်များပါဝင် သော အလုပ်အဖွဲ့များ၏အကြိမ်ကြိမ်အသေးစိတ် ဆွေးနွေးမှုများကလည်း ရေရာသော ဖြေတစ် တရပ်မထွက်ပေါ်သေးချေ။ ဒုက္ခသည်များကိုယ်၌ကလည်း UNHCR မြန်မာဘက်တွင်မရှိဘဲ မိမိတို့မပြန်နိုင်၊ UNHCR မြန်မာဘက်တွင်ရှိသည့်တိုင် အောင်မိမိတို့နှင့်အတူတကွ (၁၀)နှစ် ကြာ နေထိုင်ကာ စောင့်ကြည့်ပေးရန်သာ တောင်းဆိုနေသည်။ စစ်အစိုးရအ နေနှင့်လည်း UNHCR အားမြန်မာနိုင်ငံအတွင်းသို့ဝင်ခွင့်ပြုမည်မဟုတ်သည်မှာသံသယ ဖြစ်ဖွယ်မရှိသည့်အနေအထားဖြစ်နေပါသည်။ သို့ဖြစ်၍ဤဒုက္ခသည်ပြဿနာမှာယနေ့အ ထိလိပ်ခဲတည်းလည်းသာရှိနေဆဲဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ``အရင်းစစ် တော့အမိ မြေက``ဟုသည့်စကားနှယ်၊ ဤဒုက္ခသည်ပြဿနာ၏ ရေသောက်မြစ်မှာနဝတစစ်အစိုးရပင်ဖြစ်သည်မှာအထက်ပါ ရေးသားတင်ပြချက်များက ဖော်ညွှန်းနေသည်မှာအထင်အရှားဖြစ်ပါသည်။ ထို့ကြောင့် ဤပြဿနာအားမြန်မာနိုင်ငံ၏ပြည်တွင်း ရေးပြဿနာတစ်ရပ်သာဖြစ်သည်ဟုသဘော မထားဘဲ၊ ပြည်သူလူထုနှင့်လက်တွဲကာစစ်အာဏာရှင်များအားဖြုတ်ချရေးအတွက်နိုင်ငံ တကာမှဝိုင်းဝန်းကူညီ ဆောင်ရွက်ကြမည်ဆိုလျှင်မြန်မာနိုင်ငံ၏ပြဿနာများအားလုံး အလွယ်တကူ ဖြေရှင်းနိုင်မည်မှာကေန်မုချပင်ဖြစ် ပေ တော့သည်။

သုတေသနဌာနခွဲ
ဗဟိုကော်မတီဌာနချုပ်

ရက်စွဲ၊ ၁၉၉၂ ခုနှစ်၊ ဇွန်လ (၇) ရက်